

18 ANNIVERSARY YEARS
SEIKKU CHO CHO PUBLISHING HOUSE
Since 1999

# နှလုံးသားဘဏ်တိုက်မှ ရွှေဆည်းလည်းရတနာများ

စန္ဒရားလုထွက်

mgyoe.com

mgyoe.com

ယခင် စန္ဒာမဂ္ဂဇင်းများတွင်
ဆရာ စန္ဒရားလှထွတ်
အခန်းဆက်ရေးသားခဲ့သော
သူ၏ ဘဝနောက်ခံ
ဂီတအတွေ့အကြုံဆောင်းပါးရှည်ဖြစ်သည့်
'နှလုံးသားဘဏ်တိုက်မှ
ရွှေဆည်းလည်းရတနာများ' နှင့်
'အမြင်ဂီတ၏ပုံရိပ်' ဆောင်းပါးစု၊
'ရုပ်ရှင်ပဏာမတေးဂီတ' ဆောင်းပါးစုတို့
စုစည်းထုတ်ဝေခြင်း။

# နှလုံးသားဘဏ်တိုက်မှ ရွှေဆည်းလည်းရတနာများ

## စန္ဒရားလှထွတ်

nw0089
2,000.00 KS

mgyoe.com

နှလုံးသားဘက်တိုက်မှရွှေဆည်းလည်းရတနာများ။ စန္ဒရားလှထွတ်
မျက်နှာဖုံးပန်းချီ - ငှက်ပျောသီးဇော်ဝင်း
စာမျက်နှာ ၁၂၃ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# နှလုံးသားဘဏ်တိုက်မှ ရွှေဆည်းလည်းရတနာများ စန္ဒရားလှထွက်

(ကိုယ်တိုင်ရေး ဘဝအတွေ့အကြုံများ)

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ

၁။ နှလုံးသားဘဏ်တိုက်မှ ရွှေဆည်းလည်း ရတနာများ ၁
၂။ အမြင်ဂီတ၏ပုံရိပ် ၉၄
၃။ ရုပ်ရှင်ပဏာမတေးဂီတ ၁၁၀

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## နှလုံးသားဘဏ်တိုက်မှ ရွှေဆည်းလည်း ရတနာများ

တချို့ဂီတတွေဟာ နားထဲကိုဝင်ပြီး နားထဲကပဲ ထွက်သွားတယ်၊ တချို့ဂီတကတော့ နားထဲကနေ ဦးနှောက်ကို ရောက်တယ်။ ဦးနှောက်ကမှတစ်ဆင့် တစ်ဘက်နားကနေ အပြင်ကို လွှတ်လိုက်တာလည်း ရှိရဲ့၊ အသည်းနှလုံးဆီကို ပို့လိုက်တာလည်း ရှိရဲ့၊ တစ်ခါ အသည်းနှလုံးကလည်း သူ့ဆီမှာ သိမ်းထားတာလည်း ရှိတယ်။ မသိမ်းထားဘဲ တစ်ဘက်နားထွက်ပေါက်ကနေ အပြင်ကို လွှတ်လိုက်တာလည်း ရှိတယ်။ အဲဒီလိုပဲ နားထဲကို မဝင်တဲ့ ဂီတတွေလည်း ရှိတာပေါ့။ မဝင်တာရော၊ အဝင်မခံတာရော ဆိုကြပါစို့။

မိမိအလွန်နှစ်သက်တဲ့ အရာဝတ္ထုပစ္စည်းကလေးတွေကို အမြတ်တနိုး စုဆောင်းထားပြီး တစ်ချိန်တစ်ချိန် ပြန်ထုတ်ကြည့်လို့ ခံစားရတဲ့ အရသာပီတိဟာ ဘယ်အရာနဲ့မှ မတူပါဘူး။ အဖိုးတန် ရတနာတွေ ဘဏ်တိုက်ထဲမှာ မပျောက်မပျက် သိမ်းဆည်းထားပြီး လိုတဲ့အခါ ထုတ်သုံးသလို၊ ဆင်မြန်းရသလိုပါပဲ။

ကျွန်တော့်ရင်ထဲမှာ ဂီတမှန်းသိတဲ့အရွယ်ကစပြီး ဒီကနေ့အထိ နှစ်ပေါင်းများစွာ စုဆောင်းထားမိတဲ့ ဂီတတွေရှိနေပါတယ်။ တချို့လည်း မှတ်မှတ်ထင်ထင် သိမ်းထားရတယ် မဟုတ်ဘဲ 'အသည်းထောင့်' လိုနေရာမျိုးမှာ မသိလိုက်ဘာသာကလေး ပုန်းခိုနေတာပါ။ အများစုကတော့ မြတ်နိုးလွန်းလို့ တစ်သက်လုံး ပိုင်ဆိုင်ရအောင် နှလုံးအိမ်ထဲမှာ သိမ်းဆည်းထားတာတွေပါ။

* * *

ဂီတမှန်းသိတဲ့အရွယ်ဟာ အခြားသူတွေအဖို့တော့ မပြောတတ်ဘူး။ ကျွန်တော့်အဖို့ ကတော့... သုံးနှစ်သားအရွယ်လောက်ကလို့ ပြောရမယ် ထင်ပါတယ်။ လူမှန်းသိစအရွယ်

mgyoe.com

mgyoe.com

ကို အမျိုးမျိုးသတ်မှတ်ကြသလိုပါပဲ။ တစ်ဦးနဲ့တစ်ဦး အသိဉာဏ် ပါရမီခံချင်း မတူကြသလို ဂီတသန္ဓေအထုံစွဲကပ်၊ ရှင်သန်၊ မွေးဖွားတဲ့နေရာမှာလည်းတစ်ဦးနဲ့ တစ်ဦး မတူနိုင်ကြပါဘူး။

သုံးနှစ်အရွယ်မှာ ဂီတမှုန်း သိတယ်ဆိုရာမှာ မပီပိုးဝါးနေတဲ့ ကျွန်တော့်ရဲ့မှတ်ဉာဏ်နဲ့ အမေ၊ အစ်ကို၊ အစ်မတွေရဲ့ ပြောပြချက်တွေ ပေါင်းစပ်ပြီး ကောက်ချက်ချလို့ ရတာက ကျွန်တော်ဟာ အဲဒီအရွယ်ကတည်းက ဂီတသံကို သတိပြုတတ်နေပြီ ယဉ်ပါးစိတ်ဝင်နေပြီဆိုတဲ့ အချက်ပါပဲ။ ဒါကြောင့် ဂီတမှုန်း သိတယ်လို့ဆိုခဲ့တာပါ။ ဂီတကို ခံစားတတ်ပြီး ကြိုက်နှစ်သက်တတ်ပြီလို့ မဆိုလိုပါဘူး။ ဂီတအသိ (Musical Sense) နဲ့ ဂီတခံစားနှစ်သက်မှု (Musical Appreciation) က အလွန် ကွာခြားလှပါတယ်။

ဝါးခယ်မမြို့ တစ်ဘက်ကမ်းမှာရှိတဲ့ ကျွန်တော်တို့အိမ်မှာ အဖေက သားသမီးတွေအတွက် စန္ဒရား၊ ပတ္တလား၊ တယောနဲ့ ဓာတ်စက်ဝယ်ပေးထားတယ်။ အဖေက ဂီတမျိုးရိုးထဲက မဟုတ်ပါဘူး။ ဝါသနာပါတာပါ။ ဝါးခယ်မ၊ မြောင်းမြ၊ ပုသိမ်၊ မော်လမြိုင်ကျွန်း၊ အိမ်မဲစတဲ့ မြစ်ဝကျွန်းပေါ်ဒေသတွေမှာ ခုတ်မောင်းနေတဲ့ မော်တော်ကြီးငယ်တွေကို အများဆုံးတည်ပေးရတဲ့ လိုင်စင်ရမော်တော်တည်ဆရာ မြန်မာထူး ဆိုတာ ကျွန်တော့်ရဲ့ အဖေပါပဲ။ စစ်မဖြစ်မီက မြန်မာထူးမော်တော်ရုံပိုင်ရှင် ဦးစံထူးဆိုရင် လူသိအတော်များခဲ့ပါတယ်။ ကျွန်တော်ဟာ သားသမီးခုနစ်ယောက်ထဲက အငယ်ဆုံးသား ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့အစ်မအကြီးဆုံး၊ အစ်ကိုအကြီးဆုံးနဲ့ ဒုတိယအစ်မအကြီးဆုံးတို့ဟာ စန္ဒရားတီးတတ်ပါတယ်။ အဲဒီအထဲမှာ အစ်ကိုကြီးက ဆရာပါပဲ။ သခင်စိန်သွင်လို့ခေါ်ပါတယ်။ ဆရာဆိုတာ အိမ်သားတွေအပေါ်မှာ အတီးအမှုတ်နဲ့ ပတ်သက်ပြီး သိသမျှသင်ပြပေးတဲ့ ဆရာပါ။ ကြေးစားဂီတဆရာ မဟုတ်ပါဘူး။ ဒါပေမဲ့ အောရောင်းတီးနိုင်တယ်။ ဝါးခယ်မမှာ နာမည်ကြီးတဲ့ ဆိုင်းဆရာ ဦးသိန်းဖေတို့၊ ဦးဘချိုတို့လို ပညာရှင်တွေဆီကလည်း နည်းယူတယ်။ အထူးသဖြင့်ကတော့ ဓာတ်ပြားတွေထဲက လေ့လာတီးမှုတ်တဲ့သူဖြစ်တယ်။ ညီအစ်ကိုမောင်နှမ အမှတ်စဉ် ၁၊ ၂ ၊ ၃ က ဂီတဝါသနာပါပြီး၊ အမှတ်စဉ် ၄၊ ၅၊ ၆ ဖြစ်တဲ့အစ်မ၊ အစ်ကို၊ ညီမတို့ကြတော့... အတီးအမှုတ်ဆိုရင် ယောင်လို့တောင် အနားမကပ်ကြဘူး။ နောက်ဆုံး အမှတ် ၇ ဖြစ်တဲ့ ကျွန်တော်ကြတော့... ဗီဇပြန်ဆက်တယ်လို့ ပြောစမှတ်ပြုကြတယ်။

ကလေးသူငယ်တွေနဲ့ ပတ်သက်လို့ သူတို့တစ်တွေနဲ့ ပထမဦးဆုံး ထူးထူးခြားခြား မြင်တာ မှတ်မှတ်ထင်ထင်ကြားတာ၊ နင့်နင့်နဲနဲ ခံစားရတာတွေဟာ သူတို့ရဲ့ဘဝတွေ

mgyoe.com

mgyoe.com

ကို လွှမ်းမိုးထားတယ်။ အဲဒီအမြင်၊ အကြား၊ ခံစားမှုအတွေ့အကြုံတွေဟာ တစ်နည်းမဟုတ် တစ်နည်း သူတို့တစ်တွေရဲ့ဘဝကို ပြုပြင်ဖန်တီးတတ်ကြတယ်။ တစ်ချိန်မဟုတ် တစ်ချိန် သူတို့ဘဝတွေမှာ ကျိုးကြောင်း ဆက်နွယ်ပတ်သက်လာတယ်လို့ ကြားဖူးပါတယ်။

ငယ်စဉ်ဘဝက ကျွန်တော့်နားထဲကို ပထမဦးဆုံး မှတ်မှတ်ထင်ထင် ဂီတသံတစ်ပုဒ် ရောက်ရှိခဲ့ပါတယ်။ ဒီဂီတရဲ့အမည်ပြောရင်… အံ့သြကြမှာတော့ သေချာတယ်။ ဘာပြုလို့လဲဆိုတော့ ပန်းမြိုင်လယ်သီချင်းကြီးဖြစ်နေလို့ပါပဲ။ ဟုတ်ပါတယ်။ ဓာတ်ပြားထဲမှာ မအေးမိဆိုထားတဲ့ ပန်းမြိုင်လယ်ပါ။ ဒါပေမဲ့ ကျွန်တော့်အဖို့ရာမှာတော့ စန္ဒရား ရွှေပြည်အေးရဲ့ ပန်းမြိုင်လယ်ပါ။ မအေးမိရဲ့အဆိုဟာ ကျွန်တော့်ရဲ့နုနယ်တဲ့ နှလုံးသားကို ဘယ်လိုမှလာပြီး မရိုက်ခတ်ခဲ့ပါဘူး။ စာသားအကြောင်းအရာဆိုတာလည်း လုံးဝ နားမလည်ခဲ့ပါဘူး။ ဆရာ ရွှေပြည်အေးရဲ့ စန္ဒရားလက်သံကသာ ကျွန်တော့်ရဲ့ အသည်းနှလုံးကို ကိုင်မလှုပ်ခဲ့သည့်တိုင်အောင် တိုးဖွဲ့ဝင်ရောက်ခဲ့တာပါ။ ကျွမ်းဝင် ရင်းနှီးခဲ့တာပါ။

ဒီလိုပါ… အစ်ကိုကြီး အစ်မကြီးများက ဓာတ်ပြားဖွင့်ပြီး ပန်းမြိုင်လယ် တက်ကြတယ်။ ဓာတ်ပြားက နှစ်ပြားတွဲ၊ သီချင်းဆုံးအောင် နားထောင်ဖို့ ဆိုရင်တောင်မှ ဟိုဘက်ခြမ်း သည်ဘက်ခြမ်း လေးဘက်ဆိုတော့ အနည်းဆုံး ၁၂ မိနစ် ကြာတယ်။ တစ်နေ့ ဓာတ်ပြား ဖွင့်ကြတယ်။ အစအဆုံး အကြိမ်ပေါင်းများစွာ နားထောင်ကြတယ်။ တီးကွက်တွေလိုက်မှတ်ပြီး စန္ဒရားနဲ့ ပြန်တီးကြတယ်။ သီချင်းကြီးက ရှည်ရတဲ့အထဲ ပန်းမြိုင်လယ်ဆိုတဲ့အတိုင်း တီးရင်း 'လည်' နေကြလို့ တော်တော်နဲ့ ရှေ့မတက်နိုင်ကြဘူး။ အဲဒီတော့ တစ်ပိုဒ်တစ်ပိုဒ်ဆိုရင်… ထပ်တလဲလဲ အခေါက်ခေါက်အခါခါ ကြားနေရတာပေါ့။ တစ်လ ကျော်ကျော်ကြာလို့ သီချင်းလည်း ဆုံးကြရော ကျွန်တော့်နားထဲမှာ ပန်းမြိုင်လယ်ဟာ အခေါက်တွေ ရာထောင်ချီပြီး တအီကြီး တအီကြီး မကြားချင်အဆုံး… နားထဲ ရိုက်သွင်းသလို ဖြစ်နေတော့ မရင်းနှီးဘဲ ခံနိုင်ပါတော့မလား။ အိမ်မှာစကားပြောတတ်တဲ့ ကြက်တူရွေး ရှိရင်တောင်မှ အလွတ် ပြန်ရွတ်ပြနိုင်လောက်တယ်။ ကျွန်တော်လည်း အဲဒီအထဲက အပိုဒ်ကလေးတွေ အသံကလေးတွေ ဟိုစပ်စပ်၊ ဒီစပ်စပ် မှတ်မိကျက်မိနေတော့တာ ပေါ့။ တစ်ခါတလေ…သူတို့တစ်တွေ တီးရင်း ထစ်နေတဲ့အခါမှာ ကျွန်တော်က တူနယ်တဲ့နယ်နဲ့ ဝင်ပြီး ပါးစပ်နဲ့ထောက်ပေးရတယ်တဲ့။ ကျွန်တော် မျက်နှာကောင်းမရပါဘူး။ "မရရတဲ့ အထဲ လာမရှုပ်စမ်းနဲ့ သွားစမ်း" လို့ အော်လွှတ်ခံရတယ်။ အဲဒီတုန်းက ကျွန်တော် ၄ နှစ်သား ၁၉၄၀ ပြည့်နှစ်။

mgyoe.com

အစ်ကိုကြီးတွေ၊ အစ်မကြီးတွေ… မရှိတုန်း ကျွန်တော် စန္ဒရား ဖွင့်ပြီးနားထဲမှာ ကြားဖူးနေတဲ့ သီချင်းထဲက အသံတွေကို စန္ဒရား ခလုတ်တွေပေါ်မှာ လက်ညှိုးတစ်ချောင်းနဲ့ ရှာဖွေကြည့်တယ်။ စမ်းခေါက်ကြည့်တယ်။ မဆိုးဘူး။ ရတဲ့အခါ ရတယ်။ မရတဲ့အခါဆိုလည်း အပင်ပန်းခံပြီး တွေ့အောင်လိုက်ရှာနေတာပဲ။ မတ်တတ် ရပ်လိုက်ရင် စန္ဒရားခလုတ်တွေက ကျွန်တော့်မျက်စိရှေ့တည့်တည့်မှာ မျက်နှာနဲ့ကို အပ်လို့၊ ကပ်လို့။ ဒါထက်နီးစပ်တာ ဘာရှိတော့လဲ။

မြင်ဖူး တွေ့ဖူးကြပါလိမ့်မယ်။ ကလေးသူငယ် တစ်ယောက်ကို စန္ဒရားအဖုံးဖွင့်ပေးလိုက်ရင်… အဲဒီကလေးဟာ ပထမတော့ လက်နဲ့ တို့ကြည့်မယ်။ နောက်အားမလို အားမရဖြစ်လာရင် စန္ဒရားခလုတ်တွေကို လက်နှစ်ဖက်နဲ့ ဂျုံနယ်သလို နယ်လိမ့်မယ်။ နောက်စိတ်မရှည်ရင်လည်း လက်ဝါးတွေနဲ့ တဗျန်းဗျန်းလျှောက်ရိုက်လိမ့်မယ်။ တစ်ခါတလေ လက်သီးဆုပ်ပြီး ထုတာတို့၊ တံတောင်ဆစ်တွေနဲ့ထောက်တာတို့တောင် လုပ်လိမ့်မယ်။ ကျွန်တော်ကတော့ ဒါတွေ မလုပ်ဘဲ လက်ညှိုးတစ်ချောင်းနဲ့ တစ်လုံးချင်း အသံကိုလိုက်ရှာပြီး ခေါက်နေတတ်တယ်လို့ပြောပြကြပါတယ်။ ဒါပေမဲ့ အပြင်ကပြန်လာလို့ တွေ့သွားပြီဆိုရင်တော့… အဆူခံရတော့တာပါပဲ။ "ဒါ.....ကလေး ကစားစရာ မဟုတ်ဘူး၊ ကမ်းနားသွားဆော့ချေ" အမှန်တော့… ကျွန်တော် ကမ်းနားမှာ မဆော့ချင်ဘူး၊ စန္ဒရားမှာဆော့ချင်နေပါပြီ။ ဒါကို အဖေက ရိပ်စားမိလို့…"တီးပါစေကွာ၊ ဖြည်းဖြည်းတီးရင် စန္ဒရားကြိုးတွေ မကျပါဘူး"လို့ ပြောတဲ့အတွက် ကျွန်တော်ဟာ အစ်ကို၊ အစ်မတွေမရှိတုန်းအားတဲ့အခါတွေမှာ စန္ဒရားနဲ့ "ဆော့" ခွင့် ရလာတယ်။ ဒီလိုနဲ့ပဲ ဟိုစမ်း၊ သည်စမ်းနဲ့နည်းနည်းပါးပါး ခေါက်တတ်စပြုလာတယ်။ "စမ်းတဝါး" တီးတယ်ပေါ့။ နားထဲမှာလျှံနေတဲ့ ပန်းမြိုင်လယ်ထဲက အချိုးအကွေ့ အပိုင်းအစလေးတွေ ဟိုနည်းနည်း သည်နည်းနည်း အသံ ဖမ်းလာနိုင်တယ်။

တစ်နေ့တော့ မတန်တဆ ပန်းမြိုင်လယ်ကြီးကို ကျွန်တော် "စမ်းတဝါး" တီးနေတာအဖေက သေသေချာချာ ပက်လက်ကုလားထိုင်မှာ ထိုင်နားထောင်ရင်း… "ဒီကောင်မဝေးဘူး......ဖြစ်မယ်ကွ"လို့ အစ်ကိုကြီးကို လှမ်း ပြောလိုက်တယ်။ ပြီးတော့… ကျွန်တော့်ကို စန္ဒရား စ သင်ပေးဖို့ပါ တစ်ခါတည်း အမိန့်ချလိုက်ပါတော့တယ်။ အဲဒီလိုနဲ့ပဲ "ပန်းမြိုင်လယ်" အတီးကောင်းလွန်းလို့ ကျွန်တော်ဟာ ထံတျာတေရှင် စပြီး သင်ခဲ့ရတော့တာပါပဲ။

* * *

mgyoe.com

mgyoe.com

၁၉၄၁ ခုနှစ်မှာ ဒုတိယ ကမ္ဘာစစ်ဟာ မြန်မာနိုင်ငံကို အရိပ်မိုးလာပြီး နိုင်ငံရေး အခြေအနေနဲ့အတူ ကျွန်တော့်ထက် ၁၅ နှစ်ခန့် အသက်ကြီးတဲ့ အစ်ကိုကြီးရဲ့ အခြေအနေ တွေလည်း ပြောင်းလဲလာပါတယ်။ ကျွန်တော် ကြိုး ၃ ပုဒ်၊ ဂန္ဓမာတောင်၊ အကိုင်းမသိ၊ စိန်ကြောင်နီလာ၊ ချစ်သမျှကို… စတဲ့ သီချင်းကြီးတွေ ရနေပါပြီ။ "ကောင်းချီသဘင်"တက်နေ တုန်းတစ်နေ့ အစ်ကိုကြီး အိမ်ကပျောက်သွားပါတယ်။ မြောင်းမြဘက်ကို သခင်တွေနဲ့ ပါသွားသလို၊ ရန်ကုန်ပဲ သွားသလို၊ စစ်ထဲပဲဝင်သွားသလို၊ အဲဒီအချိန်က မြစ်ဝကျွန်း ပေါ်မှာ သခင်တွေရဲ့ လှုပ်ရှားမှုဟာ အလွန်တက်ကြွပြီး အရှိန်ကောင်းနေတဲ့ အချိန် ဖြစ်ပါတယ်။

တိုင်းပြည် မငြိမ်မသက်ဖြစ်လာတာနဲ့ ကျောင်းတွေပိတ်လိုက်တယ်။ ကျွန်တော်က ကျောင်းတောင် ဟုတ်တိပတ်တိမနေရသေးပါဘူး။ ကကြိုး ကခွေး ဘာမှန်းမသိခင် သံမှန်၊ ငါးပေါက် ကြိုးတွေ၊ ဘွဲ့တွေနဲ့အရင် စပြီးရင်းနှီးခဲ့ရတာပါ။ အစ်ကိုကြီး မရှိတော့ ကျောင်း အားနေတဲ့ ဒုတိယအစ်မကြီး၊ မမြရှင်က နည်းနည်းပါးပါး ပြပေးပါတယ်။ အဲဒီတုန်းက ကျောင်းပိတ်ထားတဲ့အတွက် မမရှင်ရဲ့ သူငယ်ချင်းအပေါင်းအသင်းတွေအိမ်မှာ စုပြီး ဆိုကြတီးကြတာ ကျွန်တော် မှတ်မိနေတယ်။ မနုနုတို့၊ မလှယဉ်တို့၊ မခင်စု(ခင်နှင်းယု) တို့နဲ့ ကိုသာလှ၊ ကိုမြမောင်(ကွယ်လွန်သူပြန်ကြားရေး ဒုတိယဝန်ကြီး ဦးမြမောင်)တို့၊ ကိုသာလှက စန္ဒရားအတီးကောင်း၊ ရုပ်လည်းချော၊ မိဘကလည်း ချမ်းသာတယ်။ ရန်ကုန်က မြို့မကျောင်းမှာ နေတယ်။ သူကပဲ မမရှင်ဆီ လာလာနေရင်း ကျွန်တော့်ကို ကောင်းချီ သဘင် ဆုံးအောင်တက်ပေးတယ်။ ပြီးတော့ ရန်ကုန်မှာ အေဝမ်းခင်မောင်ဆီက သူတက် ယူလာခဲ့တဲ့ "နတ်ရှင်နောင်" သီချင်း ကျွန်တော့်ကိုဆက်တက်ပေးတယ်။

သီချင်းကြီးတွေ တစ်ချိန်လုံးတီးလာခဲ့ရတဲ့ ကျွန်တော်ဟာ နတ်ရှင်နောင်ကြတော့ သွက်သွက်လက်လက်နဲ့ အရမ်းကို လက်တွေ့နေတယ်ဆိုပဲ။ အိမ်မှာစုကြတဲ့ ပရိသတ် တွေက ဆိုချင်တဲ့သူတွေမှန်သမျှကို ကျွန်တော်က ဒိုင်ခံတီးပေးခဲ့ရတယ်။

အဲဒါတွေဟာ ကျွန်တော့်ရဲ့ ပထမနှစ်ဂီတ အတွေ့အကြုံများပါပဲ။ သီချင်းတက်တဲ့ နေရာတွေမှာ ဘယ်သီချင်းပြီးရင် ဘာတက်ရမယ်ဆိုတဲ့ စနစ်တကျမှုမျိုးလည်း မရှိခဲ့ပါဘူး။ သင့်မယ် ထင်သလို ရတဲ့အထဲက တက်ပေးလိုက်ကြတာပါပဲ။ ဒါတွေ အခု ပြန်တွေး ကြည့်တော့ ဆန်းတော့လည်း အဆန်းသား။ ကျွန်တော့်ကို အစ်ကိုကြီးနဲ့ ကိုသာလှဆိုတဲ့ သင်ဆရာနှစ်ယောက်က လက်တွေ့သင်ပေးတယ်။ ရွှေပြည်အေးနဲ့ အေဝမ်းခင်မောင် ဆိုတဲ့ ကြားဆရာနှစ်ယောက်က ဓာတ်ပြားထဲကနေ တီးကွက်တွေပြတယ်။ ဒါပေမဲ့

mgyoe.com

mgyoe.com

ကျွန်တော့်ဘဝကိုပြောင်းပစ်မယ့် တကယ့်ဆရာအရင်း ကျေးဇူးရှင်ဖြစ်တဲ့ပုဂ္ဂိုလ်နဲ့က မတွေ့ရသေးဘူး။ အဲဒီပုဂ္ဂိုလ်က ကျွန်တော်ရဲ့မွေးစားဖခင်ဖြစ်လာမယ့် စောင်း ဦးဘသန်းပါ။

ကျွန်တော်ဟာ အဲဒီတုန်းက ရှေ့နှစ် (၁၉၄၂)ဆိုရင်... အဘနဲ့ တွေ့ရတော့မှာ၊ ကျွန်တော့်အဖေက ရန်ကုန်ခေါ်သွားပြီး ဦးဘသန်းနဲ့ အပ်တော့မှာ။ ဒါပေမဲ့ အဲဒီပုဂ္ဂိုလ်ကြီးနဲ့ မတွေ့ရခင်အခြား ပုဂ္ဂိုလ်ကြီး နှစ်ဦးဖြစ်တဲ့ ဆရာရွှေပြည်အေးနဲ့ အေဝမ်းခင်မောင်တို့ကို ပန်းမြိုင်လယ်နဲ့ နတ်ရှင်နောင်ကို အကြောင်းပြုပြီး ရင်းနှီးပြီးဖြစ်နေခဲ့ပါတယ်။ အားလုံးကို လူချင်းမတွေ့ဖူးသေးပါဘူး။ တွေ့ရလိမ့်မယ်လို့လည်း အဲဒီတုန်းက မျှော်လင့်မထားမိဘူး။ ကျွန်တော် ဂီတသမား ဖြစ်လာလိမ့်မယ်လို့မှ ယူဆမထားမိဘဲ။ ကျွန်တော်သိတာက စန္ဒရားတီးဖို့ပဲ။

ဒါကြောင့် ကျွန်တော့်ရဲ့နှလုံးသားဘဏ်တိုက်က ကိုယ်ပိုင်ဆိုင်တဲ့ စာရင်းကိုပြန်ကြည့်လိုက်တဲ့အခါမှာ... ဆရာအေးရဲ့ ပန်းမြိုင်လယ်နဲ့ အေဝမ်းခင်မောင်ရဲ့ နတ်ရှင်နောင်တို့ဟာ ထိပ်ဆုံးက စောစီးစွာ ရောက်ရှိနေတာကို တွေ့ရခြင်းဖြစ်ပါတယ်။ အမှန်ကတော့ အားလုံးက သိနေကြတဲ့အတိုင်း မအေးမိရဲ့ ပန်းမြိုင်လယ်နဲ့ ပြည်လှဖေရဲ့ နတ်ရှင်နောင်ဖြစ်သင့်ပါတယ်။ တစ်နည်းအားဖြင့်တော့... ပြင်စည်မင်းသားရဲ့ ပန်းမြိုင်လယ်နဲ့ မြို့မညိန်းရဲ့နတ်ရှင်နောင်ဆိုရင် ပိုပြီး မှန်ကန်ပါမယ်။ ဒါပေမဲ့ ကျွန်တော့်အဖို့မှာကတော့ ရွှေပြည်အေးရဲ့ ပန်းမြိုင်လယ်နဲ့ အေဝမ်းခင်မောင်ရဲ့ နတ်ရှင်နောင်ပဲဖြစ်ခဲ့ပါတယ်။ စန္ဒရားဆရာနဲ့ သူတို့တစ်တွေရဲ့ လက်သံတီးကွက်၊ ဒါကလွဲလို့... ကျွန်တော်ဘာမှ မသိခဲ့ပါဘူး။ ကျွန်တော့်ဦးနှောက်ထဲမှာ စန္ဒရားနဲ့ ပတ်သက်တာပဲသိခဲ့ပါတယ်။

စန္ဒရားခလုတ်တွေပေါ်မှာ ထိလို့တို့လို့ ထွက်ပေါ်လာတဲ့ အသံကလေးတွေ စမ်းပြီး တွဲလို့ဖက်လို့ မြည်လာတဲ့ ဖြစ်ထွန်းလာတဲ့ တီးကွက်ကလေးတွေကို ပြန်ကြားရတာဟာ ကျွန်တော့်အဖို့ အမြင့်မားဆုံးပီတိကို ခံစားရသလိုပါပဲ။ ဘယ်ဘဝက ဘယ်ရေစက်၊ ဘယ်ပါရမီကြောင့်... ဘယ်လိုဖြစ်တယ်ရယ်တော့ မပြောတတ်ဘူး။ ကျွန်တော်ဟာ စန္ဒရားနဲ့ အရူးအမူး ချစ်ကျွမ်းဝင်ခဲ့မိပါတယ်။ စာပေ အင်မတန် မြတ်နိုးတဲ့သူတွေ စာကိုဖတ်လေ ဖတ်လေ... ဖတ်လို့မဝနိုင်အောင် ဖြစ်ကြသလို ကျွန်တော်လည်း စန္ဒရားနဲ့ မတွေ့ရရင် မနေနိုင်လောက်အောင် အဖြစ်သည်းခဲ့ပါတယ်။

တစ်ခုပါပဲ။

အဆိုပိုင်း၊ စာသင်ပိုင်းမှာတော့ ကျွန်တော်ဟာ အမှောင်ထဲက သူညပါပဲ။ ဘာမှနားမလည်ဘူး။ စာလည်း မတတ်သေးဘူးမဟုတ်လား။ ဒါကြောင့် စိတ်လည်း မဝင်စားခဲ့

mgyoe.com

mgyoe.com

ဘူး။ အဲဒါကြောင့်မို့ ဂီတစူးစိုက်မှုဟာ အတီးတစ်ခုတည်းမှာပဲ တစ်သမတ်တည်းရှိနေတာမို့ တစ်နည်းအားဖြင့်တော့လည်း... စန္ဒရားသမားတစ်ယောက်ဖြစ်လာဖို့ လမ်းတစ်လမ်းတည်း လျှောက်ရသလို ခရီးကလေးတော့ ရောက်သင့်သလောက် ရောက်ခဲ့နိုင်တယ်လို့ ဆိုရပါမယ်။

ကမ္ဘာ့ဂန္ထဝင် စာပေနယ်ပယ်မှာ ဟိုးမားတို့၊ ချော်စားတို့၊ ဗောလ်တဲယားတို့က အစဉ်အဆက် စီးဆင်းလာခဲ့တဲ့ စာပေရေစီးကြောင်းမှာ ဖလော့ဗ့်၊ တော်စတွိုင်း ဂေါ်ကီ၊ ဟဲမင်းဝေး၊ ကာ့ဖ်ကာ... စတဲ့ သူတွေရဲ့ စာပေတွေဟာ စာပေသမား တော်တော် ခပ်များများ အပေါ်မှာ ဩဇာလွှမ်းမိုးသလိုပါပဲ။ တံတျာတေရှင်၊ ဂန္ဓမာတောင်၊ စိန်ကြောင်နီလာ၊ ချစ်သမျှကို... အစရှိတဲ့ ကျွန်တော်ရထားတဲ့ အနည်းငယ်မျှသော ဂန္ထဝင်သီချင်းကြီးတွေထဲမှာ ပန်းမြိုင်လယ်နဲ့ ဟိုတုန်းက ကာလပေါ်ဖြစ်ခဲ့တဲ့ နတ်ရှင်နောင်သီချင်းတို့ဟာ (စန္ဒရားတူရိယာ အတီးပညာသဘောအရ) ကျွန်တော့်အပေါ်မှာ ကြီးစွာသော ဩဇာရိပ်လွှမ်းမိုးခဲ့ပါတယ်။ အဲဒါကလည်း... စန္ဒရားဆရာများရဲ့ ပယောဂကြောင့် ဖြစ်ရတာမို့ ရွှေပြည်အေးရဲ့ပန်းမြိုင်လယ်နဲ့ အေဝမ်းခင်မောင်ရဲ့ နတ်ရှင်နောင်လို့ အမှတ်သညာပြုထားခဲ့ခြင်းဖြစ်ပါတယ်။

စန္ဒာရုပ်စုံမဂ္ဂဇင်း၊ မေ၊ ၁၉၈၅။

❑

mgyoe.com

mgyoe.com

# (၁)

၁၉၄၂ ခုနှစ်မှာ ကျွန်တော် အဖေနဲ့အတူ ဝါးခယ်မက ရန်ကုန်ကို ရောက်လာခဲ့ပါတယ်။ ကျွန်တော့်အသက် ၅ နှစ်ကျော်လို့ ၆ နှစ်ထဲရောက်နေပါပြီ။ ဘုန်းကြီးလမ်းအောက်လမ်းမှာရှိတဲ့ ကျွန်တော်တို့မြို့က သူဌေး ဒေါ်စိမ်းညိုရဲ့တိုက်နဲ့ မျက်စောင်းထိုးဘုံဆိုင်နဲ့ လေးငါးတိုက်လောက်အကွာ ကမ်းနားလမ်းဘက်ပိုနီးတဲ့ တိုက်ခန်းတစ်ခန်းမှာ တည်းခိုခဲ့တာကို ဝိုးဝိုးဝါးဝါး မှတ်မိပါတယ်။ ရန်ကုန်ကို ပထမဦးဆုံးအကြိမ်ရောက်ဖူးတာမို့ တိုက်တွေ ကားတွေကြည့်ပြီး တအံ့တဩဖြစ်နေတယ်။ အဖေက ဘုန်းကြီးလမ်းဂါတ်တဲ အဆောက်အအုံကြီးကို လှမ်းပြတော့... "ဟာ... ကျွန်တော်တို့ဆီက ဂါတ်နဲ့ဘာဆိုင်လို့လဲ အဖေရာ" လို့ ကျွန်တော်ပြန်ပြောတာ သဘောကျလွန်းလို့ အိမ်သားတွေကို ပြန်ပြောပြရင်း အဖေက တဟားဟား ရယ်မောလေ့ရှိတယ်တဲ့။

နောက်နေ့မှာပဲ ကျွန်တော်တို့ ချင်းချောင်းရိပ်သာလမ်း (အခု မူကြိုကျောင်း) အနီးမှာရှိတဲ့ အဘစောင်းဦးဘသန်းအိမ်သို့ သွားပြီး အဖေက ကျွန်တော့်ကို အပ်နှံပါတယ်။ အဲဒီတုန်းက ဘဘသန်းဟာ ဇနီးဖြစ်သူ ဒေါ်ထိပ်တင်မကြီး သထုံပြန်ပြီး မီးဖွားနေတာမို့ အိမ်မှာက တစ်ယောက်တည်းနေနေပါတယ်။ သူ့သူငယ်ချင်း ရွှေတိုင်ညွန့်က အတူလာနေပေးပါတယ်။ အိမ်ကလေးက ပျဉ်ထောင်အိမ်သစ်ကလေး သွပ်မိုးလား၊ ဓနိမိုးလား မမှတ်မိတော့ပါ။ အိမ်နောက်ဘက်မှာတောင်ကမူကို ခုတ်ထားတဲ့ ကုန်းမြေမြင့်(ယခုထက်ထိ) ရှိပါတယ်။ အဲဒီနောက်မှာ ချင်းချောင်းနန်းတော် ယာယီ အသံလွှင့်ရုံရှိပါတယ်။ အခု ကမ္ဘောဇရိပ်သာ အဆောက်အအုံကြီးပေါ့။

mgyoe.com

mgyoe.com

ဘဘသန်းနဲ့ ဦးလေး ကိုအုန်းဆိုင် (ရွှေတိုင်ညွန့်)တို့... ဟာ အဲဒီတုန်းက အစိုးရဝါဒ ဖြန့်ချိရေးဌာနမှာ လခစားတွေ ဖြစ်ပါတယ်။ အထူးသဖြင့် အသံလွှင့်ကိစ္စတွေ ဧည့်ခံပွဲတွေမှာ ဆောင်ရွက်ဖို့ ခန့်ထားခံရသူတွေဖြစ်ပါတယ်။ ဒါကြောင့်လည်း အသံလွှင့်ရုံနဲ့ နီးနီးနားနား အဲဒီအိမ်ကလေးဆောက်ပြီး နေကြတာဖြစ်ပါတယ်။

အဲဒီအချိန်က ရွှေတောင်ကြားလမ်းရပ်ကွက်ဟာ အစိုးရအရာရှိကြီးတွေ၊ ဝန်ကြီးတွေ နေတဲ့ အရပ်ဖြစ်ပါတယ်။ ဘဘသန်းနဲ့ဦးလေးကို အုန်းဆိုင်တို့က ကျွန်တော့်ကို ရွှေတောင်ကြားလမ်းတစ်ခွင်မှာရှိတဲ့ အိမ်ကြီးတွေကို တစ်အိမ်ပြီးတစ်အိမ်ခေါ်သွားပြီး စန္ဒရား တီးပြခိုင်းပါတယ်။ လူကြီးတွေကိုရော၊ လူကြီးတွေရဲ့သားသမီးဖြစ်တဲ့ သူတို့ သင်ပေးနေတဲ့ တပည့်တွေကိုရော ငယ်ငယ်လေးနဲ့ ဘယ်လောက် တီးနိုင်သလဲလို့ မခံချင်စိတ်နဲ့ ကြိုးစားအောင် မဏ္ဍပ်တိုင်ကလေးတစ်တိုင် ထောင်ပြတဲ့ သဘောပါပဲ။

သခင်နုအိမ်ကိုလည်း ကျွန်တော့်ကိုခေါ်သွားပါတယ်။ အဲဒီတုန်းက သခင်နုဟာ အင်းလျားကန်အရှေ့ဘက် (ကမ္ဘာအေးလမ်းပေါ် လမ်းနီလေးထိပ်က ရွှေဥဒေါင်းအထည်စက်ရုံဝင်းက၊ တိုက်မှာနေပါတယ်။ ဘဘသန်းက ကျွန်တော် ဝါးခယ်မက ဘယ်သူဘယ်ဝါဖြစ်ကြောင်း ပြောပြတဲ့အခါ သခင်နုက... "သြော် . . . မင်းဟာ မရှင်ရဲ့ မောင်လေးကိုး" လို့ ပြောပြီး "စိန်သွင် တစ်ယောက်ကော" လို့ မေးပါတယ်။ ကျွန်တော့် အစ်မ မမြရှင်နှင့် သခင်နုရဲ့ ညီမ မခင်စု (ခင်နှင်းယု) တို့ဟာ အလွန်ချစ်ကြတဲ့ ကျောင်းနေဘက်သူငယ်ချင်းတွေ ဖြစ်ပါတယ်။ စိန်သွင်ဆိုတာက ကျွန်တော့်ကို စန္ဒရား သင်ပေးတဲ့ ကျွန်တော့်ရဲ့ အစ်ကိုအကြီးဆုံး သခင်စိန်သွင်ကိုပြောခြင်းဖြစ်ပါတယ်။

ကျွန်တော့်ကို သခင်နုဆီခေါ်သွားတဲ့ ကိစ္စမှာ ဘဘသန်းမှာ အကြောင်းရှိပါတယ်။ အဲဒါကတော့ အဲဒီအချိန်တုန်းက စိန်ဝေလျှံကလည်း သခင်နုအိမ်ကို ခင်မောင်ဝင်း ဆိုတဲ့ စန္ဒရားတီးတဲ့ ကလေးတပည့်တစ်ဦးခေါ်လာ တီးပြဖူးတာ သိနေတဲ့အတွက် ဘဘသန်းက ခင်မောင်ဝင်းထက် ၃ နှစ် ငယ်တဲ့ ကျွန်တော့်ကို ပွဲထုတ်ကြွားဝါခြင်းပဲ ဖြစ်ပါတယ်။

ကျွန်တော် စန္ဒရားတီးပြတာ နားထောင်ပြီး သခင်နုက...

"ဆရာဘသန်း... မောင်လှအောင် အသံလွှင့်ဖို့ စီစဉ်ပါလား" လို့ပြောပါတယ်။ ဘဘသန်းက စီစဉ်နေကြောင်းပြန်ပြောပြီး ကျွန်တော်တို့ ပြန်လာခဲ့ကြပါတယ်။

အသံလွှင့်ဖို့ ပထမဆုံး သီချင်း ရေးရပါတယ်။ ဘဘသန်းက တီးကွက်တီးလက် ပြင်ဆင်ဖြည့်စွက်ပေးပါတယ်။ အဲဒါ ပြီးတော့ ချက်ချင်းမလွှင့်ရသေးပါဘူး။ ဒီအတိုင်း လွှင့်လိုက်ရင် တိုင်းပြည်က ကလေး စန္ဒရားတီးတာ သိမှာမဟုတ်ဘူးဆိုပြီး... ဘဘသန်းက

mgyoe.com

mgyoe.com

ကျွန်တော့်ကို ဓာတ်ပုံရိုက်ပြီး သတင်းစာထဲမှာ ထည့်ဖို့အစီအစဉ်လုပ်ပါတယ်။ ဗမာ့ခေတ်သတင်း စာတိုက်နေရာမှာ သတင်းဌာနက ဓာတ်ပုံဆရာတွေခေါ်ပြီး သုံးလေးပုံ ရိုက်ပါတယ်။ တကယ် ကလေးမှန်းသိအောင် ကျွန်တော့်ကို ကိုယ်လုံးတီးချွတ်ပြီး ရိုက်မယ်လုပ်နေတဲ့အတွက် ဓာတ်ပုံဆရာတွေက ဝိုင်းတောင်းပန်ရတယ်။ အသံလွှင့်မယ့်နေ့နဲ့ တိုက်ပြီးနေ့စဉ်ထုတ်သတင်းစာတွေမှာ "၅ နှစ်သား အရွယ်ရဲ့လက်သံကို ဒီည နားဆင်ကြရမှာဖြစ်တဲ့အကြောင်း" ဓာတ်ပုံနဲ့တကွ ဖော်ပြတယ်လို့ သိရပါတယ်။

ချင်းချောင်းအသံလွှင့်ရုံကနေ ကျွန်တော် အသံလွှင့်ခံရတာဟာ ကျွန်တော့်ရဲ့ဘဝမှာ ပထမဦးဆုံး မှတ်တိုင်ကြီးတစ်တိုင်ကို ထင်ထင်ရှားရှားကြီးစိုက်ထူခဲ့ရခြင်းပါပဲ။ ကြည့်ပါ။ ကျွန်တော့်စန္ဒရားနဲ့ တွဲဖက်ပြီး အဆိုက ဦးအလီ၊ တယောက ရွှေတိုင်ညွန့်၊ စည်းဝါးတီးပေးတာက စောင်းဦးဘသန်း၊ တခြားဗုံတွေ ပလွေတွေတော့ မမှတ်မိတော့ပါ။ မှတ်မိတာကို ပြန်ပြောရရင်တော့...

ချင်းချောင်း နန်းတော်ရဲ့ မြေညီထပ် အခန်းတစ်ခန်းမှာ ကျွန်တော်တို့ အသင့်နေရပါတယ်။ အချက်ပြမီး နီရင် စ, တီးရမယ် မှာထားတဲ့အတွက် ကျွန်တော်မီးနီကလေးကို မမိုတ်တသုန် ကြည့်နေရက တကယ် လင်းလာတဲ့အခါမှာ ဘာလုပ်ရမှန်း မသိဘဲ စ,မတီးဘဲ ဖြစ်လာတဲ့အတွက် ဦးလေး ကိုအုံးဆိုင်က တယောနဲ့ စလိုက်တော့မှ ကျွန်တော်နဲ့ဖျပ်ပြီး လိုက်တီးခဲ့ပါတယ်။ အသံလွှင့်ရုံက လူတွေရဲ့ ချီးကျူးတာ ခံခဲ့ရပါတယ်။

ဒါကြောင့်မို့လည်း ကျွန်တော်ရဲ့ နှလုံးသား ဘဏ်တိုက်ထဲမှာ ပထမဦးဆုံး ဆရာရွှေပြည်အေးရဲ့ "ပန်းမြိုင်လယ်"၊ ပြီးတော့ အေဝမ်း ခင်မောင်ရဲ့ "နတ်ရှင်နောင်" အခုထိတ်ထိတ်ကြဲ ဂီတ ပညာရှင်ကြီးများ ဖြစ်ကြတဲ့ ဦးအလီ၊ ဆရာ ရွှေတိုင်ညွန့်၊ ဘဘစောင်း ဦးဘသန်းတို့နဲ့ တွဲဖက်တီးရတဲ့ "ကောင်းကြီးသခင်္ဂါ"တို့ဟာ အစောဆုံး ထင်ထင်ရှားရှား ရောက်ရှိ စာရင်းပေါက်နေတဲ့ ရွှေဆည်းလည်း ရတနာတွေ ဖြစ်ခဲ့ရပါတယ်။

ကျွန်တော့် နှလုံးသား ဘဏ်မှ သိမ်းဆည်းထားတဲ့ အနုပညာ ရတနာမှတ်တမ်းစာရင်းမှာ Creator လို ခေါ်တဲ့ ဖန်တီး မွေးဖွား ပေးသူရဲ့ အမည် တွဲဖက် မထားဘဲ Performer လို ခေါ်တဲ့ ပါဝင် တင်ဆက်သူများရဲ့ အမည်နဲ့သာ တွဲပြီး မှတ်တမ်းထားထားတယ် သတိပြုမိပါလိမ့်မယ်။ ဥပမာ... ပြင်စည်မင်းသားရဲ့ "ပန်းမြိုင်လယ်"လို့ ကျွန်တော် မပြောခဲ့ဘူး။ တစ်နည်းအားဖြင့် ပါဝင်တင်ဆက်သူ တစ်ဦးဖြစ်တဲ့ မအေးမိရဲ့ ပန်းမြိုင်လယ်လို့တောင် မပြောဘဲ၊ အခြားပါဝင်တင်ဆက်သူ တစ်ဦးဖြစ်တဲ့ စန္ဒရားဆရာ ရွှေပြည်အေးရဲ့ "ပန်းမြိုင်လယ်" လို့သာ မှတ်ထားမိပါတယ်။ အဲဒီလိုနဲ့ မြို့မညိန်းရဲ့

mgyoe.com

mgyoe.com



နတ်ရှင်နောင်၊ ပြည်လှဖေရဲ့ နတ်ရှင်နောင်လို့ မပြောဘဲ၊ အေဝမ်းခင်မောင်ရဲ့ နတ်ရှင်နောင်လို့သာ ကျွန်တော် အမှတ်ထားခဲ့မိပါတယ်။ အဲဒါဟာ ကျွန်တော်နဲ့ အဲဒီ တေးဂီတတွေ ရင်းနှီးမိတာဟာ... စာသားကြောင့် မဟုတ်ခဲ့ဘူး၊ အဆိုကြောင့်လည်း မဟုတ်ခဲ့ဘူး၊ စန္ဒရားလက်သံ တီးကွက်တွေကြောင့်မို့ပါပဲလို့ ထပ်မံ ရှင်းပြချင်ပါတယ်။

အခုလည်း ထိတ်ထိတ်ကြဲ ဂီတပညာရှင်ကြီးတွေနဲ့အတူ ကိုယ်တိုင်ကိုယ်ကျပဲ တီးမှုတ်အသံလွှင့်ခဲ့ရတဲ့ ကောင်းကြီး သခ်ီ သီချင်းကြီးဟာ အလွန်တန်ဖိုးရှိပြီ တစ်သက်မှာ မမေ့နိုင်တဲ့ ဂီတ ရတနာ တစ်ပါး ဖြစ်ခဲ့ရပါတယ်။

ရွှေတောင်ကြား အစိုးရ ရပ်ကွက်မှာ ကျွန်တော် ၄ လလောက် နေခဲ့ရပါတယ်။ တစ်ခါ ရွှေဂုံတိုင် "လင့်လမ်း"မှာ ပွဲတစ်ပွဲကို ခေါ်သွားလို့ အဲဒီမှာ ဂီတာစိန်းမောင်နဲ့ စိန်ပါတီတို့ကို တွေ့ခဲ့ရဖူးပါတယ်။ အခုအထိ... ဆရာ ရွှေပြည်အေးနဲ့ အေဝမ်းခင်မောင်ကို ကျွန်တော် မမြင်ဖူးသေးပါဘူး။ သိပ် မကြာပါဘူး။ အဖေ နေမကောင်းဘူး အမြန်လာခဲ့ဖို့ လူလွှတ်ခေါ်တာနဲ့ ကျွန်တော် ဝါးခယ်မကို ပြန်ခဲ့ရပါတယ်။ အဖေရဲ့ အူရောင်ငန်း

mgyoe.com

mgyoe.com

ဖျားရောဂါဟာ မသက်သာပဲ၊ ကျွန်တော် ပြန်ရောက်ပြီး မကြာခင်မှာပဲ အဖေ ကွယ်လွန်ပါတယ်။ ဂျပန်ခေတ်တစ်လျှောက်လုံး ကျွန်တော်တို့ မိသားစုဟာ ဝါးခယ်မကနေ ဘယ်မှ မခွာဘဲ ရှိနေခဲ့ကြပါတယ်။

ဂျပန်တွေ ဝါးခယ်မ ရောက်လာတော့ ကျွန်တော်တို့အိမ်မှာ စန္ဒရားရှိတာ သိသွားပြီ၊ ဂျပန်စစ်ဗိုလ်က စန္ဒရားတီးချင်တယ်ဆိုလို့ ကျွန်တော့် အစ်မတွေ တခြား အိမ်မှာပုန်းနေရတာတွေ၊ ဝါးခယ်မ မြစ်ထဲက မော်တော်တွေကို လေယာဉ်ပျံက စက်သေနတ်နဲ့ ပစ်တာတွေ၊ အင်္ဂလိပ် ဝင်လာတော့ အစိုးရရုံးကြီးမှာ တပ်စခန်းချလို့ ကျွန်တော်တို့ကလေးတွေ "ဘွိုင်"သွားလုပ်လို့ စီးကရက်တွေ၊ အမဲသားဘူးတွေရတာတွေ... ကျွန်တော် သတိရနေပါသေးတယ်။

ကျောင်းတွေ ပြန်ဖွင့်တဲ့အခါ ကျွန်တော် တစ်တန်းမှာနေရပါတယ်။ ဖဆပလဆိုတဲ့ စကားလုံးကို ကြားရတယ်။ အာရှလူငယ်ဆိုတာလည်း မမရှင်တို့ ပြောသံကြားရတယ်။ မမရှင် တို့၊ မမစုတို့ အဖွဲ့တွေ သမ္ဗန်ကြီးနဲ့ မော်လမြိုင်ကျွန်းမြို့က ပတ္တမြားမျက်ရှင်ရုံမှာ ရန်ပုံငွေလား၊ စည်းရုံးရေးလားမသိ၊ သွားကြတာ ကျွန်တော် ပါသွားတာ မှတ်မိတယ်။ စန္ဒရား တီးရတယ်။

၁၉၄၆ ခုနှစ်မှာ မမရှင်... ကိုသာလှနဲ့ လက်ထပ်ပြီး အိမ် ပြောင်းသွားတယ်။ အစ်ကိုကြီး ကိုစိန်သွင်လည်း ဘီအိုင်အေ စစ်ဗိုလ်အဝတ်အစားနဲ့ ခဏ ပြန်ရောက်လာတယ်။ ကျွန်တော်တို့ အမေဟာ ဘာမှ မလုပ်တတ် မကိုင်တတ်နဲ့ အဖေထားခဲ့တဲ့ ပစ္စည်းတွေကို ထုခွဲရောင်းချပြီး သားသမီး ၆ ယောက်ကို ကျွေးမွေးစောင့်ရှောက် ပညာသင်ပေးခဲ့တာ ခုဆို သုံးနှစ်လောက် ရှိပြီမို့ စီးပွားရေးအရ အကျပ်အတည်းတွေ့စပြုလာပါတယ်။

ကျွန်တော်နှစ်တန်းရောက်တဲ့ ၁၉၄၆ ခုနှစ်မှာပဲ ရန်ကုန်မြို့မကျောင်းမှာကျောင်း ဆရာလုပ်နေတဲ့ ဘကြီးတော်စပ်တဲ့ "ဘကြီးစိုး"ခေါ် ဦးစိုးတင့်က မြို့မကျောင်းမှာ နေဖို့ ကျွန်တော့်ကို ခေါ်ယူပါတယ်။ ကျွန်တော် မသွားချင်ပါ။ အမေ့ကိုလည်း မခွဲချင်ပါ။ စန္ဒရားကြီးကိုလည်း မခွဲနိုင်ပါ။ အငယ်ဆုံးမို့ အားလုံးက အလိုလိုက်ထားတာမို့ အစ်မတွေကိုလည်း မခွဲချင်ပါ။ သူငယ်ချင်း အပေါင်းအသင်း အနေနဲ့ကတော့ သိပ်အကြောင်း မဟုတ်ပါဘူး။ ဘာပြုလို့လဲဆိုတော့... ကျွန်တော်ဟာ ကျောင်းကပြန်လာရင်အိမ်ထဲမှာ စန္ဒရားနှင့်သာအချိန်ကုန်ပြီး အပြင်မှာသိပ် ကစားတတ်တဲ့ ကလေး မဟုတ်တော့တဲ့ အတွက် မခွဲနိုင်တဲ့ သံယောဇဉ်ထဲမှာ သူငယ်ချင်း အပေါင်းအသင်းတော့ မပါဘူး။ ကျွန်တော် တစ်လလောက် အီလေး အာလေး လုပ်နေပါတယ်။ စန္ဒရားမတီးရရင်သီချင်းတွေ

mgyoe.com

mgyoe.com

မှောကုန်မယ်။ စန္ဒရားပါ ယူသွားရရင် သွားမယ်။

ဘကြီးစိုးဆီက လာတဲ့ နောက်စာတစ်စောင်မှာ မြို့မကျောင်းမှာလည်း တီးစရာ စန္ဒရား ရှိကြောင်း စာသင်နှစ်ဝက်ကျိုးနေပြီဖြစ်တဲ့အတွက် မောင်လှအောင်ကို အမြန်ပို့ပေးဖို့ လောဆော်ထားတယ်။ နောက်ဆုံးတော့... အစ်မတွေရဲ့ ဝိုင်းဝန်းတိုက်တွန်းမှုကြောင့် ကျွန်တော် မြို့မကျောင်းမှာ သွားနေဖို့ သဘောတူလိုက်ပါတယ်။

ကိုသာလှက ရန်ကုန်ကို လိုက်ပို့ပေးပါတယ်။

သဘော်ာက ဆင်းလို့ စတော့ကိတ် လမ်းမှာရှိတဲ့ သူ့ရဲ့အမျိုးအိမ်မှာ ပစ္စည်းတွေချပြီးတာနဲ့ ကျွန်တော်နဲ့ ကိုသာလှ မြို့မကျောင်းကိုလာခဲ့ပါတယ်။ ကျွန်တော့်မှာ အဝတ်အစားထည့်တဲ့ သံသေတ္တာတစ်လုံးနဲ့ လွယ်အိတ်တစ်လုံး ပါပါတယ်။

ကျွန်တော်တို့ ရောက်သွားတဲ့ အချိန်ဟာ ညနေဘက် ကျောင်းဆင်းပြီးတဲ့ အချိန်မို့ လူရှင်းနေပါတယ်။ ဘကြီးစိုးဟာ မြို့မကျောင်းပေါ်မှာပဲ အခန်း တစ်ခန်းနဲ့ နေပါတယ်။ လမ်းမတော် ဘူတာဘက်ကနေ ဂေါ်ဒွင်လမ်း အတိုင်း မြောက်ဘက်ကို လျှောက်လာရင် ဘယ်ဘက်မှာတွေ့ရတဲ့ မြို့မကျောင်းကြီးရှိ ပထမထပ်မှာ ပထမဆုံးတွေ့တဲ့ အခန်းဟာ ဘကြီးစိုးမိသားစုနေတဲ့ အခန်းပါပဲ။ အဲဒီအပေါ်ထပ်တည့်တည့်မှာ ဒုတိယ ကျောင်းအုပ်ဆရာကြီး ဦးအေးသွယ် နေပါတယ်။

ဘကြီးစိုးက ကျွန်တော့်ကို နေရာထိုင်ခင်းပေးပြီး ခေတ္တ စကားစမြည်ပြောပါတယ်။ ပြီးတာနဲ့... "ကဲ... စန္ဒရားသွားတီးကြရအောင်" လို့ ဆိုပြီး ခေါ်သွားတဲ့အတွက် ကျွန်တော်လည်း ဘာမှန်းမသိ ထလိုက်ခဲ့ရပါတယ်။ ကိုသာလှက ကိစ္စရှိသေးလို့ နက်ဖြန်သဘော်ာ ဆင်းကာ နီးမှ ဝင်ခဲ့မယ်လို့ပြောပြီး ပြောသွားပါတယ်။

ကျွန်တော်ဟာ ဘကြီးစိုးနဲ့အတူ (L) ပုံသဏ္ဌာန်ရှိတဲ့ မြို့ကျောင်းကြီးရဲ့ ပထမထပ်တစ်ဖက်အစွန်းက အခြားတစ်ဖက်အစွန်းကို စာသင်ခန်းတွေ မြောက်မြားစွာဖြတ်သန်းပြီး လျှောက်လာခဲ့ပါတယ်။ တော်တော်နဲ့မရောက်နိုင်ဘူးလို့ ထင်ရလောက်အောင် ရှည်လျားလှပါတယ်။ စန္ဒရားက မိန်းကလေးဘော်ဒါဆောင်ရဲ့ဧည့်ခန်းမှာရှိပါတယ်။ ဘကြီးစိုးက အဆောင်မှူးဆရာမ ဒေါ်ခင်မကြီးနဲ့တွေ့ဆုံပြီး သူ့ရဲ့တူဖြစ်တဲ့ ကျွန်တော့်ကို ကြည့်ပြီး အံ့သြနေပုံရတယ်။ ဆရာမကို တွေ့တွေ့ချင်းပဲ ကျွန်တော်ခင်မင်သွားမိသလို ခံစားလိုက်မိပါတယ်။ အမှန်က အဲဒီတွေ့ဆုံခြင်းဟာ ကျွန်တော့်ရဲ့မိခင်သစ်နဲ့ ကျွန်တော်ရေစက်ဆုံခြင်းအစပါ။

အဲဒီတုန်းက မိန်းကလေးဘော်ဒါဆောင် အခန်း နှစ်ခန်းနဲ့ ကပ်လျက် အခန်းမှာ

mgyoe.com

 mgyoe.com 

ဆရာကြီးဦးတင့်ဆွေ (သီဟိုဠ်သံအမတ်ကြီးဟောင်း)တို့ မိသားစု နေထိုင်ပါတယ်။ ဦးလေးတင့်ဟာ စစ်ပြီးခေတ်မှာ (The Burma) အင်္ဂလိပ်သတင်းစာ အယ်ဒီတာအဖြစ် မဆောင်ရွက်မီ မြို့မကျောင်းမှာ ဦးတင့်ဆွေရဲ့ဇနီး ဒေါ်ထားရီဟာ ဆရာမ ဒေါ်ခင်မကြီးရဲ့အစ်မဖြစ်ပါတယ်။ ဆရာမက ဆော်ဒါဆောင်အခန်းမှာပဲ ကျောင်းသူတွေ အုပ်ချုပ်ရင်း တစ်ကိုယ်တည်း နေပါတယ်။

ဆရာမက စန္ဒရားသော့ယူပြီး ဧည့်ခန်းထဲကို ခေါ်သွားပါတယ်။ ကျွန်တော်က အဲဒီတုန်းက ဘောင်းဘီတိုနဲ့၊ အမေက အသစ်ဝယ်ပေးလိုက်တဲ့ ကင်းဘတ်ရှူးကလည်း ဖိနပ်ပေါက်လို့ မနည်းဟန်လုပ်နေရတယ်။

ဆရာမက သော့ဖွင့်ပေးပြီး "ကဲ ဘာရသလဲ၊ တီးပြစမ်းပါဦး" လို့ ပြောလိုက်ပါတယ်။ ကျွန်တော်က ခလုတ်တွေကို အနည်းငယ်စမ်းလိုက်ပါတယ်။ အိမ်က (Challen) စန္ဒရားထက်ကောင်းတယ်။ ဘာအမျိုးအစားမှန်း မမှတ်မိတော့ပါ။

စန္ဒရား စတီးနေတုန်းမှာပဲ ညနေစာစားပြီးချိန်မို့ အဆောင်က ကျောင်းသူတွေအားလုံး စန္ဒရားနား ဝိုင်းအုံလာပါတယ်။ ဆရာမက မဆူဖို့ ငြိမ်ငြိမ် နားထောင်ဖို့ ကြိမ်တို့ နေရပါတယ်။

ကျွန်တော် သီချင်းကြီးတစ်ပုဒ် ခပ်တိုတိုတီးပြပါတယ်။ ဒေါ်ခင်မကြီးက သေချာစွာ စူးစိုက်နားထောင်နေတာကို ကျွန်တော် သတိပြုမိပါတယ်။ သီချင်းဆုံး သွားတော့ ဆရာမဟာ ခပ်တွေတွေကလေးဖြစ်နေပါတယ်။ ကျောင်းသူတွေက ကာလပေါ်ထဲက ဟိုဟာရလား၊ ဒီဟာ ရလားနဲ့တစ်ယောက်တစ်မျိုး ပြောကြတာကိုတောင် မေ့လျော့နေပုံရပါတယ်။ ခဏအကြာမှာ အသက် ၇၀ လောက်ရှိတဲ့ အဘိုးကြီးတစ်ယောက်၊ အဘွားကြီးတစ်ယောက်နဲ့ အသက် ၃၀ လောက်ရှိတဲ့အမျိုးသမီးကြီးတစ်ယောက် ဆရာမအနားမှာရောက်လာပြီး ကျွန်တော်တီးတာကို နားထောင်ရင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် နေကြတာကို ထူးထူးဆန်းဆန်း တွေ့ရပါတယ်။ ဆရာမက... "ကောင်းကြီးသခ်ါရရင် တီးပြပါဦး" လို့ ပြောလို့ ကျွန်တော်လည်း အကြိုက်တွေ့သွားပြီး အစွမ်းကုန်လက် ဖွင့်ပြလိုက်ပါတယ်။

ဆရာမရဲ့မျက်လုံးထဲမှာသာမက အဘိုး၊ အဘွားနှင့် အမျိုးသမီးကြီးတို့ရဲ့မျက်လုံးတွေထဲမှာ မျက်ရည်စတွေ ရစ်ဝဲလာတာကို သီချင်းဆုံးလို့ မော့ကြည့်လိုက်တဲ့အခါမှာ ကျွန်တော် တအံ့တသြတွေ့ရတဲ့အတွက် ဘာလုပ်ရမှန်းမသိ ဖြစ်သွားပါတယ်။ ဆရာမတို့မိသားစုက ဘကြီးစိုးကို ခပ်လှမ်းလှမ်း တစ်နေရာ သို့ ခေါ်သွားပြီး ကျွန်တော့်ကိုကြည့်ကာ

mgyoe.com

ကြည့်ကာနှင့်စကားတွေ ပြောနေကြပါတယ်။

ကျွန်တော်က အဆောင်သူတွေကြားမှာ ကြောင်တက်တက်နဲ့ ထိုင်နေမိပါတယ်။ 'လေ့ကလေး' သီချင်းရလား၊ 'မြကြာယံ' ဒါမှမဟုတ် 'လသာတဲ့ည' သီချင်းတီးပြပါနဲ့ ဝိုင်းဝန်း ပွဲတောင်း နေတဲ့အတွက် ကျွန်တော်က ရတာ တီးပြနေရပါတယ်။ စိတ်ကတော့ ခဏခဏ လှမ်းကြည့်နေမိပါတယ်။ ဘာတွေပြောနေကြတာလဲ... ဘာကြောင့် မျက်ရည်တွေဝဲနေကြတာလဲ... ငါ ဘာဖြစ်လို့လဲ။

ဘကြီးစိုးနဲ့ ဆရာမတို့မိသားစု တော်တော်ကြာအောင် စကားပြောကြတယ်။ ပြီးတော့မှ စန္ဒရားဆီကို ပြန်လာကြပြီး ဆရာမက ကျွန်တော့်ပခုံးကို လှမ်းဖက်ပြီး...

"ငါ့သား... တီချာတို့နဲ့နေမလား၊ ဒီမှာဆိုရင် စန္ဒရား မှန်မှန် တီးရတာပေါ့။ မင်းဘကြီးနဲ့ အဝေးကြီးခွဲနေရတာမှ မဟုတ်ဘဲ၊ ဘယ့်နှယ့်လဲ" လို့ ကြင်ကြင်နာနာကြီး မေးပါတယ်။

ကျွန်တော် ဘာပြန်ဖြေရမှန်းမသိပါ။ တီချာ ဆိုတာ ဘယ်သူမှန်းလည်း မသိ။ သူ့ကိုယ်သူ ပြောတာပဲဖြစ်မယ် ထင်ပါရဲ့။ နောက်ပြီး ယောကျာ်းလေးတွေလည်း မတွေ့ဘူး။ အားလုံး မိန်းကလေးတွေချည်းပဲ။ အသက်ကြီးကြီးတွေလည်း တွေ့ရတယ်။ ဘကြီးစိုးကို လှမ်းကြည့်လိုက်တဲ့အခါမှာလည်း ဘကြီးက ဘာမှ မပြောဘဲ ငြိမ်နေပါတယ်။

"ဒီမှာဆိုတော့... မင်းအရွယ်ယောကျာ်းလေးတွေလည်း ရှိတယ်။ မိန်းကလေးဘော်ဒါပေမဲ့ အစ်မတွေရှိတဲ့ ပေါက်စကောင်တွေ မိန်းကလေးဆောင်မှာပဲ ထားတယ်။ ယောကျာ်းလေးဆောင်မှာ အကောင်ကြီးတွေက နိုပ်စက်လို့"

ဆရာမက ထပ်ရှင်းပြတယ်။ ဘေးက အဘိုးအဘွားနဲ့ ကျောင်းသူတွေအားလုံးက ဝိုင်းကြည့်နေကြတယ်။ ကျွန်တော်က ကြောင်အအ ဖြစ်နေတာကြာတော့ ရှိန်းလာတယ်။ ဒါနဲ့ပဲ . . .

"ဘကြီးစိုး သဘောတူရင် နေပါ့မယ်" လို့ပြန်ပြောလိုက်ပါတယ်။ ဆရာမ မျက်နှာဝင်းထိန်သွားပါတယ်။

"ဟောဒီ ဘိုးဘိုးနဲ့ဘွားဘွားက... တီချာရဲ့ အဖေနဲ့အမေ၊ ဟောဒီ အန်တီက... တီချာရဲ့အစ်မ"

ဆရာမက မိတ်ဆက်ပြောပြရင်း . . .

"ချန်ပီယံ မောင်ကျော်ဆိုတာ ကြားဖူးလား" လို့မေးပါတယ်။

ကျွန်တော်က ခေါင်းညိတ်ပြတော့ ...

mgyoe.com

"အဲဒီ ချန်ပီယံမောင်ကျော်ဆိုတာ တီချာရဲ့အစ်ကို၊ ဟောဒီ ဘိုးဘိုးနဲ့ ဘွားဘွားရဲ့ သား။ ဟောဒီအန်တီရဲ့ မောင်။ သူ အခုတော့ မရှိတော့ပါဘူးကွယ်၊ ဆုံးသွားပါပြီ"

သည်တော့မှပဲ ကျွန်တော်အဓိပ္ပာယ်ပေါက်မိပါတယ်။ သူတို့တစ်တွေ မျက်ရည်ကျတာ ဒါကြောင့်ကိုး။ ချန်ပီယံမောင်ကျော်ကို သတိရလို့။ လွမ်းလို့၊ ကျွန်တော်တီးပြတဲ့ ကောင်းကြီးသခင်္ဂါလက်ကွက်ကလည်း အဆိုတော် မတင်အုံးနဲ့ ချန်ပီယံမောင်ကျော် လက်စွမ်းပြထားတဲ့ ဓာတ်ပြားထဲကအတိုင်း မတူပေမဲ့ တချို့အကွက်တွေဟာ ခပ်ဆင်ဆင်ဆိုတော့ မိသားစု စိတ်ထဲမှာ တစ်မျိုးတစ်မည် ထိခိုက်သွားပုံရပါတယ်။

သည်လိုနဲ့ပဲ ကျွန်တော်ဟာ မမျှော်လင့်ဘဲ ရန်ကုန်ကို ရောက်တဲ့နေ့၊ မြို့မကျောင်းကို ရောက်တဲ့ ညနေမှာပဲ... ဆရာမဒေါ်ခင်မကြီးရဲ့ မွေးစားသား ချက်ချင်းဖြစ်ခဲ့ရပါတယ်။ ဘဝသစ်၊ လူသစ်တင်မကဘူး။ နာမည်သစ်ပါရခဲ့ပါတယ်။ အဲဒီ နာမည်ကတော့... အခုခေါ်နေတဲ့ လှထွတ်ပါပဲ။ ဆရာမတို့အမျိုးတွေထဲမှာ မောင်လှအောင် ဆိုတဲ့ နာမည်က မကောင်းဘူး ဆိုပြီး အထွတ်အထိတ် ရောက်စေရမယ်ဆိုပြီး မောင်လှထွတ်လို့ နာမည်ပြောင်းပေးပါတယ်။ ချန်ပီယံမောင်ကျော် ဝင်စားလို့ ကျွန်တော့်ကို ဆရာမက မွေးစားတယ်ဆိုပြီး တစ်ကျောင်းလုံးသတင်း ပျံ့သွားပါတယ်။

ကျွန်တော်ဟာ ဘကြီးစိုးဆီမှာ တစ်ညကလေးတောင် မအိပ်လိုက်ရပါဘူး။ အခုညနေက ပြောဆိုပြီးကြတဲ့နောက် သေတ္တာနဲ့လွယ်အိတ် ပြန်ယူဖို့ ကျွန်တော့်အရွယ် ယောကျ်ားလေးနှစ်ယောက် ထည့်ပေးလိုက်ပြီး မိန်းကလေး ဘော်ဒါဆောင်ကို ချက်ချင်း ပြန်လာခဲ့ပါတယ်။

အဲဒီတုန်းက မိန်းကလေးဘော်ဒါဆောင်မှာ အစ်မတွေရှိတဲ့ ယောကျ်ားကလေး ခုနစ်ယောက်လောက်ထားပါတယ်။ မိန်းကလေးတွေနဲ့ တစ်ခန်းတည်း အတူတူအိပ်ခဲ့ရပါတယ်။ ကျွန်တော့်ကို ပန်းကန်စက်ဦးသော်ရဲ့ မြေးတွေဖြစ်တဲ့... မော်မော်ညွန့်၊ သန်းထွန်းနဲ့ လေက်မတို့ဘေးက ခုတင်တစ်လုံးမှာ နေရာချပေးတယ်။ ဆရာမက ကျောင်းက ကျွေးတဲ့ ထမင်းဟင်းကိုမစားဘူး။ အိမ်ရှိနေတော့ အိမ်မှာပဲ စားတယ်။ ကျွန်တော်လည်း ဆရာမနဲ့အတူ စားရပါတယ်။ ဆရာမက ဘော်ဒါစည်းကမ်းတွေကို ပြောပြပါတယ်။ နံနက် ၅ နာရီထိုးလို့ ခေါင်းလောင်းတီးရင် အိပ်ရာထ၊ အခင်းသွား၊ သွားတိုက်၊ မျက်နှာသစ်ပြီး ပီတီ PT ကာယ လေ့ကျင့်ခန်း လုပ်ဖို့ ကျောင်းဝင်းထဲကို အားလုံး ဆင်းရပါတယ်။ ယောကျ်ားလေးတွေကို မြို့မဆရာ ဦးဘသောင်းက ပြပြီး မိန်းကလေးတွေကို ဆရာမ ဒေါ်ခင်မကြီးကပဲ ဦးဆောင် လေ့ကျင့်ပေးပါတယ်။ ကျွန်တော်တို့ ချာတိတ်တွေက

mgyoe.com

ယောကျ်ားလေးဘော်ဒါဆောင်က ကျောင်းသားတွေနဲ့ ပေါင်းပြီး ဆင်းရပါတယ်။ ဘောင်းဘီ၊ အင်္ကျီအဖြူ၊ ကင်းဘတ်၊ ခြေအိတ်အဖြူ... ဆင်တူ ပြည့်ပြည့်စုံစုံ ဝတ်ပါတယ်။ မိန်းကလေးကြတော့ ဘလောက်စ်အဖြူ၊ စကတ်အဖြူ၊ အသက်ကြီးတဲ့အပျိုကြီးတွေကြတော့ တချို့ဘောင်းဘီအဖြူ၊ စကတ်အဖြူ၊ အရှည်၊ တချို့ကြတော့ လုံချည်ပဲ ဝတ်ခွင့်ပြုပါတယ်။ တီချာဒေါ်ခင်မကြီးကတော့ ဘောင်းဘီအဖြူအရှည်ဝတ်ပြီး လေ့ကျင့်ခန်း ပြပါတယ်။ နောက်မှ ကာယပညာဆရာမ ဒေါ်ထွားကြူ ရောက်လာပါတယ်။

လေ့ကျင့်ခန်းပြီးရင် အခန်းပြန်ပြီး ခဏနားကြတယ်။ ၆ နာရီခွဲခေါင်းလောင်းထိုးရင် နံနက် လက်ဖက်ရည်နဲ့မုန့်စားဖို့ စားသောက်ဆောင်ကို ဆင်းကြရတယ်။ မိန်းကလေး၊ ယောကျ်ားလေးတစ်ဆောင်တည်း အတူစားကြရပါတယ်။ ကျွန်တော်က တီချာနဲ့အတူ အပေါ်ကမဆင်းဘဲ အိမ်မှာပဲ စားသောက်ရပါတယ်။ ၇ နာရီထိုးတာနဲ့ စာကျက်ဖို့ ခေါင်းလောင်းထိုးပါတယ်။ စာကြည့်ခန်းမှာတစ်ယောက်မကျန် စာကျက်ဖို့ သွားရပါတယ်။ ယောကျ်ားကလေးတွေက ခန်းမကြီးမှာ ကျက်ပြီး မိန်းကလေးတွေဟာ တစ်ခန်းသတ်သတ် ကျက်ရပါတယ်။ အဲဒီမှာ အမည်စာရင်းခေါ်ပါတယ်။ ဂျူတီလည်း ဆရာမတွေစောင့် ပေးရတယ်။ ၈ နာရီခွဲ (Study time) ဖြုတ်တာနဲ့ ရေမိုးချိုးပြီး ၉ နာရီ နံနက်စာ ထမင်း စားကြရပါတယ်။ ၉ နာရီ ၄၅ မှာ (Assembly Hall) စုဝေးခန်းမှာ တစ်ကျောင်းလုံး အတန်းလိုက်စီ စုဝေးပြီး ကျောင်းအုပ်ဆရာကြီး ဦးဘလွင်ရဲ့ဩဝါဒ မိန့်ခွန်းနားထောင်ပြီး မြို့မကျောင်းသီချင်းဆိုရပါတယ်။ ပြီးတော့ အမျိုးသားသီချင်း ဆိုရပါတယ်။ ဆရာ ဆရာမတွေက ထိပ်ကနေရပါတယ်။ ပြီးရင်... ၁၀ နာရီမှာ ကျောင်းတက် ခေါင်းလောင်းထိုးပြီး ကိုယ့်အခန်းကို ဆရာတွေက ဦးဆောင် ပြန်လျှောက်သွားပြီး ကျောင်း စတက်ပါတယ်။

ကျွန်တော် နှစ်တန်းမှာပဲ ပြန်ဆက်တက်ရပါတယ်။ ပထမ တစ်ပတ်လောက်ပဲ အသားမကျခင် အိမ်ကို လွမ်းသလိုလိုရှိပြီး နောက်တော့ပျောက်သွားပါတယ်။ ညနေ ၃ နာရီခွဲ ကျောင်းဆင်းချိန်ကနေ ၅ နာရီထိုးရေချိုးခေါင်းလောင်း မထိုးမချင်း အချိန်အားဖြစ်တဲ့အတွက် ကိုယ်ကြိုက်သလို နေနိုင်ပါတယ်။ ကျွန်တော်က စန္ဒရားတီးတယ်၊ ဘောလုံးကန်တဲ့အခါကန်တယ်။ ကျောင်းသူကြီးတွေက လက်ရေးနဲ့ကူးထားတဲ့ သူတို့ သီချင်းစာအုပ်ကလေးတွေနဲ့ မေရှင်တို့၊ ဘိလပ်ပြန်သန်းတို့ သီချင်းတွေကို ဆိုကြတယ်။ ကျွန်တော်က လိုက်တီးရတယ်။ တစ်ခါတလေ... ကျွန်တော့်ကို မုန့်ကျွေးပါတယ်။

ကျွန်တော်ရောက်တဲ့ ညနေက ဦးလေးတင့် (ဦးတင့်ဆွေ) သတင်းစာတိုက် သွားနေ

mgpoe.com

လို့ မတွေ့လိုက်ရတဲ့အတွက် သုံးလေးရက်ကြာမှ ဦးလေးတင့်နဲ့ ဦးလေးဇော် (ချန်ပီယံ မောင်ကျော်ရဲ့ညီ ကိုခင်မောင်ဇော်)တို့အတွက် ကျွန်တော်သတ်သတ် စန္ဒရားတီးပြရပါ တယ်။ ဦးလေးတင့်က ခေါင်းတညိတ်ညိတ်နဲ့ နားထောင်နေတာ အခုထက်ထိ မြင်ယောင် နေမိပါသေးတယ်။

မြို့မကျောင်း နှစ်ပတ်လည်ဆုနှင်းသဘင်ပွဲမှာ တီချာက ကျွန်တော့်ကို စပြီး ပွဲထုတ်ပါ တယ်။ ကျွန်တော် စန္ဒရား တစ်ကိုယ်တော် တီးပြီး ဦးလေးတင့်နဲ့ အန်တီဒေါ်ထားရီတို့ ရဲ့ သမီးကလေး... အိလို့ခေါ်တဲ့ ကြည်ကြည်ဆွေက တစ်ပင်တိုင် ကပြခဲ့ပါတယ်။

သတင်းစာထဲမှာ ၉ နှစ်သားအရွယ် ကျောင်းသားလေး နဲ့ ၇ နှစ်သမီးအရွယ် ကျောင်း သူလေးတို့ ဧည့်ခံနေပုံဆိုပြီး ပါခဲ့ပါတယ်။ တစ်ခါ မကြာခင်မှာပဲ ကျောင်းရှေ့က မိုင်ဒါ ကွင်းကြီးထဲမှာ ကျင်းပတဲ့ဂီတအဆိုအတီးပြိုင်ပွဲကြီးကို ဆရာမက စာရင်းသွင်းတဲ့အတွက် ဝင်ပြိုင်ရာမှ အလှည့်ကျမဲနှိုက်ဖို့ စင်မြင့်ပေါ်တက်ခဲ့တာ၊ ဒိုင်လူကြီးအဖြစ် ဆောင်ရွက်နေတဲ့ ဘဘစောင်းဦးဘသန်းနဲ့ ပက်ပင်းပြန်တွေ့ရပါတယ်။

ဘဘသန်းက ကရုဏာဒေါသနဲ့ "... မင်း ဘာဖြစ်လို့ ငါ့ဆီမလာတာလဲ" လို့ ကျွန်တော့်ပါးကို ကစားသလို မနာအောင်ရိုက်ပြီး ဆူလို့ ဒိုင်လူကြီးတွေရှေ့မှာ ကျွန်တော် ဝမ်းနည်းပြီး ငိုခဲ့ရပါသေးတယ်။

အဲဒီပြိုင်ပွဲမှာ စိန်ဝေလျံရဲ့တပည့်ခင်မောင်ဝင်းက ပထမရွှေတံဆိပ်ဆုရပြီး ကျွန်တော် မြို့မကျောင်းသားမောင်လှထွတ်က ဒုတိယဆုရွှေတံဆိပ် ရရှိခဲ့ပါတယ်။ ဘဘသန်းက သူနဲ့မတွေ့ရတာ နာတယ်။ နို့မဟုတ်ရင် ပထမရွှေတံဆိပ်ဆု အလွယ်ကလေး ရမှာလို့ မကျေမနပ်ပြောနေပြီး ဆရာမ ဒေါ်ခင်မကြီးနဲ့နှစ်ယောက်သား သူ့သားကိုယ့်သားတွေ ပြောနေကြပါတယ်။ ကျွန်တော်က ဘဘသန်းကို အဖေဆုံးကြောင်း၊ ဂျပန်တစ်ခေတ် လုံး ဝါးခယ်မမှာနေပြီး မြို့မကျောင်းကို အရောက်မှာ ဆရာမဒေါ်ခင်မကြီးကချစ်ပြီး မွေးစားကြောင်း၊ နေရေးထိုင်ရေး ပညာရေး အားလုံးတာဝန်ယူကြောင်း ပြောပြမှ ဘဘသန်းစိတ်ပြေသွားပုံရပါတယ်။ ဘဘသန်းနဲ့ ဆရာမတို့ကလည်း အစကတည်းက ရင်းနှီးကြသူတွေဖြစ်ပါတယ်။ ဘဘသန်းရဲ့နှမအဆိုတော် မတင်အုန်းနဲ့ ဆရာမရဲ့ အစ်ကိုချန်ပီယံမောင်ကျော်တို့ဟာ အတူတွဲပြီး ဓာတ်ပြားတွေအများကြီးသွင်းခဲ့ဖူးတယ် မဟုတ်လား။

၁၉၄၇ ခုနှစ်မှာပဲ တပ်မတော်ကပွဲရုံမှာ ဘာအထိမ်းအမှတ် ပွဲဆိုတာတော့ မမှတ် မိဘူး။ ပဒေသာကပွဲကြီးတစ်ပွဲ ထပ်နွှဲခဲ့ရပါတယ်။ ကျွန်တော် မှတ်မသိလောက်က မြို့မ

mgyoe.com

mgyoe.com

ကျောင်း တီတီစီကျောင်း လေတပ်ကဗိုလ်တွေလည်းပါတယ်။ ဗိုလ်ဇကိုတို့ ကပြတဲ့ ပြဇာတ်လည်းပါတယ်။ မြို့မကျောင်းက တင်ဆက်တဲ့ အစီအစဉ်တွေထဲမှာ ပဏာမအဖြစ် မကြင်ဟန်အမှူးပြုတဲ့ ကျောင်းသူအချော‌အလှတွေရဲ့ အဆိုအကယိမ်း၊ ကျွန်တော်က စင်ပေါ်ထောင့်မှာ စန္ဒရားတစ်လုံးနဲ့ ပရိသတ်ရှေ့ထွက်ပြီး တီးပြရတယ်။ ကျောင်းသူတွေအားလုံးက ဆိုကြ၊ ကကြတယ်။ အဲဒီယိမ်းထဲမှာ ဆရာကြီးဦးဘလွင်ရဲ့သမီး... စုစုလွင်၊ သစ်တောမင်းကြီး ဦးထွန်းငွေရဲ့သမီး၊ တီချာရဲ့တူမ... မေမျိုးငွေ၊ ဟသ်ာတဦးမြရဲ့ သမီး မစောလှမြင့်၊ ခင်မမ၊ လှလှမြင့်၊ မစောဟန်၊ ခင်မြင့်ရီ၊ ခင်မြင့်ဆွေ၊ မသောင်းစိန်၊ မတင်ညွန့်စတဲ့ ကျောင်းသူအချော အလှတွေပါတယ်။

အဲဒီမှာ ပါဝင်ကူညီတဲ့အတွက် ကျောင်းသူတွေနဲ့အတူ ငွေတံဆိပ်အမှတ်တရ ချီးမြှင့်တာခံခဲ့ရပါတယ်။ ဒါကြောင့် ကျွန်တော်ရဲ့နှလုံးသား ဘဏ်တိုက်ထဲမှာ စောစောက ပြောခဲ့တဲ့ မမေ့နိုင်တဲ့ သီချင်းတွေနဲ့အတူ ရွှေတံဆိပ်၊ ငွေတံဆိပ်တွေပါ ထပ်ပြီးစုဆောင်းမိခဲ့ပါတယ်။

**စန္ဒာရုပ်စုံမဂ္ဂဇင်း၊ မတ်၊ ၁၉၈၅။**

❑

mgyoe.com

mgyoe.com

# (၂)

၁၉၄၇ ခုနှစ်မှာ ကျွန်တော့်အသက် ၁၀ နှစ်ပြည့်လို့ ၁၁ နှစ်ထဲ ရောက်နေပါပြီ။ အတန်းကတော့ သုံးတန်းပဲရပါသေးတယ်။ စစ်တွင်းကာလ ခုသွားတော့ ထုံးစံအတိုင်း စာသင်သားတွေဟာ အသက်နဲ့အတန်း မမျှတဘဲ အသက်တွေကြီးပြီး အတန်းတွေ ငယ်နေတတ်ပါတယ်။ မြို့မကျောင်းမှာ စန္ဒရားချန်ပီယံမောင်ကျော်ရဲ့နမ၊ ဆရာမ ဒေါ်ခင်မကြီးရဲ့ မေတ္တာရိပ်ကို ခိုလှုံရင်း ကျွန်တော်ဟာ စန္ဒရားတီးမပျက်၊ စာသင်မပျက်ဘဲ ခပ်မှန်မှန်ပဲ ဘဝခရီးကို ဆက်လက်လျှောက်လှမ်းခဲ့ပါတယ်။ ဒါပေမဲ့ လက်ပူးလက်ကြပ် စန္ဒရားသင်ပြပေးမယ့် ဆရာက မရှိဘူး။ ဘဘဦးဘသန်းနဲ့လည်း အတော်ကလေး အနေဝေးသွားလို့ အဆက်အသွယ်ပြတ်နေတော့ အဲဒီအချိန်တုန်းက ရေဒီယိုကလာနေတဲ့ ဓာတ်ပြားသီချင်းတွေကိုပဲ နားနဲ့ကျက်ပြီး အလွတ်လိုက်တီးခဲ့ရပါတယ်။ ရွှေတံငါတို့၊ မြတ်ပန်းခွေ၊ မေတ္တာလက်ဆောင်၊ မိဖုရားစော၊ သုံးပန်လှ၊ ရွှေပြောင်ပြောင်... အေဝမ်း ဓာတ်ပြားတွေပဲ များပါတယ်။

ဘုရားလမ်းနဲ့စတီးဝပ်လမ်းထောင့်မှာရှိတဲ့ ကဝိမျက်မှန်အိမ်ကြီးမှာ 'မေ'ဆိုတဲ့ သီချင်း ကို ကျွန်တော်ပထမဦးဆုံး စတင်ကြားခဲ့ဖူးပါတယ်။ ဦးလေးတင့် (သီဟိုဠ်သံအမတ်ကြီး ဟောင်း ဦးတင့်ဆွေ)ရဲ့တူတော်တဲ့ ကိုမြင့်တင်က ဆိုပြလို့ ကျွန်တော် အဲဒီအိမ်က စန္ဒရား နဲ့ပဲ တက်ယူခဲ့ပါတယ်။ စစ်ပြီးခေတ်သည်ဘက်မှာ ပထမဦးဆုံးကျော်ကြားတဲ့ တက္က သိုလ်စိုးရေးစပ်ပြီး အဆိုတော်ကိုမြကြီးသီဆိုခဲ့တဲ့ ကာလပေါ်တေးသီချင်းနဲ့ စတင်ထိတွေ့ သိကျွမ်းရခြင်းပါပဲ။

mgyoe.com

mgyoe.com

စန္ဒရားခလုတ်တွေပေါ်မှာ သံမှန်၊ ငါးပေါက်၊ ခြောက်ပေါက်စတဲ့ သမားရိုးကျ မူတည်သံတွေကိုချည်း တီးနေရာက 'မေ' သီချင်းကျတော့ ၇ သံချိုလို့ခေါ်တဲ့ ကမ္ဘာ့တေး ဂီတအခေါ်အဝေါ် (B Flat) ဘီဖလက်မူတည်သံနဲ့ တီးရတဲ့သီချင်းဖြစ်တဲ့အတွက် ကျွန်တော့်အဖို့ အသစ်အဆန်းနဲ့ ဖြစ်ခဲ့ရပါတယ်။ သံစဉ် (Scale) သဘောအရ စန္ဒရား ခလုတ်အနက် ၂ ခု (B Flat နှင့် E Flat) ပါဝင်ရမှာ ဖြစ်ပေမဲ့ သီချင်းရေးဖွဲ့ထားတဲ့ သံစဉ်အရ (B Flat) အနက် ခလုတ်တစ်ခုတည်းသာ ပါဝင်တာမို့ သိပ်ခက်ခက်ခဲခဲ မရှိလှပါဘူး။ အဲဒီတုန်းက တစ်နိုင်ငံလုံး တစ်မေတည်း မေခဲ့ကြပါတယ်။ ကျွန်တော်တို့ မြို့မကျောင်းမှာလည်း ကျောင်းသားကြီးတွေ ပါးစပ်ဖျားမှာ 'မေ'ဟာ အထူးရေပန်းစား ခဲ့ပါတယ်။ 'မေ' နာမည်ပါတဲ့ ကျောင်းသူတွေ မျက်နှာပွင့်တယ် ခေါ်ရမလား။ မျက်နှာ ပူတယ် ခေါ်ရမလား မသိပါ။ အဲဒီလိုနဲ့ 'မေ' နဲ့ မရှေးမနှောင်း ခဝဲပွင့်ချိန်ဆိုတဲ့ သီချင်း ကလည်း အတော့်ကို ပေါ်ပြူလာ ဖြစ်ခဲ့ပါတယ်။

အဲဒီတုန်းက မြို့မကျောင်းမှာ ကျွန်တော့်အပြင် အခြားစန္ဒရားတီးတဲ့ ကျောင်းသား တစ်ယောက်လည်း ရှိပါတယ်။ အဲဒီသူကတော့ ကျွန်တော့်ထက် အတန်းရော အသက် ပါကြီးတဲ့ ကြည့်မြင်တိုင်ဈေးကြီးလမ်းက နေ့ကျောင်းသား မောင်မောင်အေး ဖြစ်ပါတယ်။ ဂီတနယ်မှာ နောင်အခါ 'ခေါ်ခေါ်'လို့ အမည်တွင်ခဲ့တဲ့ မြတ်သီရိအဖွဲ့ရဲ့ ခေါင်းဆောင် စန္ဒရားမောင်မောင်အေးပါပဲ။ သူနဲ့အတွဲများတာက အခုသီချင်းရေးနေတဲ့ မောင်မောင် လေး(တေးနုဝေ) (ခေါ်) သိုက်ထွန်းနဲ့ အေဝမ်းခြံမှာနေတဲ့ စိုးမြင့်ပါပဲ။ အဆိုတော် တင်တင်မြရဲ့ ခင်ပွန်းအေဝမ်းစိုးမြင့်မဟုတ်ပါဘူး။ သိုက်ထွန်းက မောင်မောင်အေးရဲ့ တပည့်အရင်း။ မောင်မောင်အေးရဲ့လက်ရေးအတိုင်း လိုက်ရေးတယ်။ မောင်မောင်အေးရဲ့ ပန်းချီစာလုံး ဆွဲသလို တစ်ထပ်တည်း လိုက်ဆွဲတယ်။ သူနဲ့ စိုးမြင့်က ကျွန်တော်နဲ့ တစ်တန်းတည်း။ နှစ်ယောက်စလုံး ဂီတဝါသနာပါကြတယ်။ ကျောင်းမှာအတီးအမှုတ် ကိစ္စရှိရင် အရွယ်အလိုက် ကျွန်တော်တို့တစ်တွေ အားလုံးလှုပ်ရှားကြရတယ်။

၁၉၄၇ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်းနဲ့ ခေါင်းဆောင်ကြီးတွေ မကျဆုံးမီ ပေါ်ထွက် လာတဲ့ "လူထုအားကို အများကြီးလိုသည်" စာသားပါ ရန်နိုင်စိန်ရေးစပ်တဲ့ "ပြန်လည် ထူထောင်ရေး" သီချင်းဟာ အတော်အောင်မြင်တဲ့ အချစ်သီချင်းမဟုတ်ဘဲ တိုင်းပြည်ပြု သီချင်းတစ်ပုဒ်ဖြစ်ခဲ့ပါတယ်။

(၁၉၇၀ ပြည့်နှစ်လောက်က မန္တလေးသင်္ကြန်ဆင်နွှဲဖို့ ကိုဝင်းဦးနဲ့ ကျွန်တော်ပါသွား ရာမှာ မြို့မအပျော်တမ်းတူရိယာအသင်းရဲ့... 'ပြည်တော်ဝင်' ဆိုတဲ့ ဆရာညှာ ရေးခဲ့တဲ့

mgyoe.com

mgyoe.com

သီချင်းတစ်ပုဒ် တီးခဲ့ဖူးပါတယ်။ စစ်အတွင်းက စစ်ကိုင်းဘက်မှာ သွားပြီး ဗုံးခိုနေကြတဲ့မန္တလေးက လူတွေနဲ့ မြို့မအသင်းသားတွေ စစ်ကြီးပြီးလို့ မန္တလေးကို ပြန်လာကြတဲ့အကြောင်း ရေးထားတဲ့သီချင်းဖြစ်ပါတယ်။ အဲဒီသီချင်းက သံပြိုင်ပိုဒ် (Chorus)ကလည်း အခါတော်ရောက်ချိန် နီးလို့လာပေ၊ ဒေါ်ဒေါ်မမ နှမတို့တစ်တွေ... အသည်းစွဲ ချစ်မိတ်ဆွေ ခေတ္တခွဲလို့နေ...." ဆိုပြီး ပြန်လည်ထူထောင်ရေးသီချင်းက သံပြိုင်ပိုဒ်ဖြစ်တဲ့..."လူထုအားကို အများကြီး လိုသည်၊ ဗိုလ်ချုပ်အစိုးရ အချိုးကျတူညီ၊ တိုင်းရပ်သားများသည် ရိုင်းပင်းကြရမည်" နဲ့တေးသွားချင်းထပ်တူ ဖြစ်နေတာတွေ့ရှိခဲ့ရပါတယ်။ ။ စကားချပ်)

လွတ်လပ်ရေးရပြီးစ ကာလမှာ မြို့မကျောင်းကို မှတ်မှတ်ထင်ထင် အဆိုတော်တစ်ဦး လာရောက်သီဆိုခဲ့တာကို ကျွန်တော် မှတ်မိပါတယ်။ အဲဒီသူကတော့... မန္တလေးက အဆိုတော် အကော်ဒီယံ ကိုအံ့ကြီးဖြစ်ပါတယ်။

"အမျိုးသားစွန့်စားခဲ့သည့် တို့ခေတ်ကိုရောက်ပြီ" အစချီတဲ့ လွတ်လပ်ရေး စစ်ချီသီချင်းနဲ့ တူရိယာလုလင် သီချင်းတို့ကို အကော်ဒီယံနဲ့ ကိုယ်တိုင်တီးဆိုရင်း မန္တလေးက ဆင်းလာခဲ့တဲ့ ကိုအံ့ကြီးဟာ ရန်ကုန်မှာ တော်တော်အောင်မြင်ပါတယ်။ မြို့မဆရာ ဦးသက်တင်ကတောင် အဲဒီအလိုက်ကို သဘောကျပြီး "ဟိုယခင် × × × မြတ်သော ဓမ္မစက်ရှင် × × × အရွယ်အားဖြင့် × × × နှစဥ်ကလျဥ်" ဆိုတဲ့စာတွေထည့်ပြီး မြို့မကျောင်း ဝါဆိုပွဲမှာသီဆိုဖို့ ကျွန်တော်တို့တစ်တွေ ဝါယာရီကော်ဒါ ခေါ်တဲ့ အသံသွင်းကြိုးနန်းခွေသွင်းတာမှတ်မိပါသေးတယ်။ မင်းနောင်ကလည်း အဲဒီတုန်းက 'ထိပ်ခေါင်'၊ 'နှံ့မှူ' စတဲ့ သီချင်းတွေနဲ့ နာမည်ရစပြုနေပါပြီ။ မောင်မောင်အေးရဲ့ ဖိတ်ကြားချက်အရ သူက စန္ဒရားသီဟအဆိုတော်သက်လွင် (ခြားနားချက်၊ ခင်မောင်လွင်) တို့နဲ့အတူ မြို့မကျောင်းဝါဆိုပွဲမှာ လာဆိုဖူးကြပါတယ်။

၁၉၄၉ ခုနှစ်မှာ နယူးလင့်လမ်းမှာရှိတဲ့ မြို့မကျောင်းနဲ့ ကပ်လျက် (အခု မြတ်မွန်ရတနာ ခန်းမ) နေရာမှာ တပ်မတော်အသံလွှင့် ဌာနဆိုပြီး ယာယီအသံလွှင့်ဌာန တစ်ခု ဖွင့်လှစ်ခဲ့ပါတယ်။ အဲဒီမှာ ဂီတအစီအစဉ်တွေနဲ့ ပတ်သက်ပြီး တွဲဖက်တာဝန်ယူ လုပ်ရှားရတာက အဆိုတော် ဒေါ်စိန်ပါတီရဲ့ခင်ပွန်း ဦးဘသက် (တပ်ကြပ်ကြီး ဘသက်) ဖြစ်ပါတယ်။ အဲဒီအချိန်မှာ မြန်မာ့အသံကလည်း စစ်ပြီးစ အားသစ်လောင်းရာက အရှိန်ရကာစ ဖြစ်နေတာ တပ်မတော်အသံလွှင့်ဌာနရယ်လို့ ပေါ်လာတော့ ဂီတလောကမှ ပုဂ္ဂိုလ်ဝါသနာရှင်တွေဟာ နှစ်ဌာနစလုံးမှာ အတော်များများ အသံလွှင့်ဖြစ်ခဲ့ကြပါတယ်။ တပ်မတော် အသံလွှင့်ရုံဟာ တကယ်တော့ သစ်သားနဲ့ဆောက်ထားပြီး စတူဒီယို အသံလွှင့်

mgyoe.com

mgyoe.com

ခန်းတွေကို ဂုန်နီစတွေနဲ့ အသံလုံအောင်ကာထားတဲ့ မည်ကာမတ္တယာယီအဆောက်အအုံသာ ဖြစ်ပါတယ်။ ကျွန်တော်နေတဲ့ မိန်းကလေးဆော်ဒါဆောင်နဲ့ဆို ခြံစည်းရိုးပဲခြားတယ်။

ဒေါ်စိန်ပါတီဟာ အဲဒီတုန်းက ဦးလေးဦးတင့်ဆွေရဲ့ သမီးလေး 'အိ' ခေါ်တဲ့ ကြည်ကြည်ဆွေကို အက သင်ပေးနေတာမို့ ကျွန်တော်တို့နဲ့ ရင်းနှီးနေပါတယ်။ ဦးဘသက်ဘယ်လောက် သီချင်းဆိုချင်တဲ့ ဝါသနာကြီးတယ် ဆိုတာ ဂီတလောကက လူတွေအားလုံးသိကြပါတယ်။ အသံက ပြာနောက်နောက်နဲ့ မကောင်းပေမယ်လို့ ဆိုဟန်က အင်မတန် ပိုင်ပါတယ်။ အသံ မရှိ၊ ဟန်ရှိတဲ့ ဘသက်လို့ လူကြီးတွေပြောကြတဲ့ အဆိုတော်ကြီး ဦးဘသက်ပါ။

တစ်ညတစ်ည ဦးလေး ကိုဘသက်က ဘယ် တီးဝိုင်းပျက်ပါ့မလဲလို့ပဲ စိတ်ကူးနေတတ်ပါတယ်။ ပျက်ပြီဆိုတာ ကြိုတင်သိရတာနဲ့ ကျောင်းဘက် ကူးလာပြီး ဆရာမဒေါ်ခင်မကြီးထံမှာ ခွင့်တောင်းပြီး ကျွန်တော့်ကို ခေါ်သွားလေ့ရှိပါတယ်။ စတူဒီယိုထဲမှာရှိတဲ့ စန္ဒရားနဲ့ ကျွန်တော်ရတဲ့ သီချင်းကြီးတွေ အမြန်တိုက်ပါတယ်။ အချိန်ရတဲ့အခါတွေမှာ သူဆိုချင်ပြီး ကျွန်တော်မရတဲ့ သီချင်းတွေ တိုက်ပေးပါတယ်။ ပြီးရင် ဖုံကလေးစည်းဝါးကလေး ဖြည့်ပြီး ညဘက်မှာ ကျွန်တော်တို့ အသံလွှင့်ကြပါတယ်။ တစ်ခါတစ်ရံ ဒေါ်စိန်ပါတီ ဝင် ဆိုပါတယ်။

အဲဒီ ၁၉၄၇–၄၈–၄၉ ခုနှစ်များက ကျွန်တော်ဟာ ကျောင်းအိပ် ကျောင်းစားဖြစ်တဲ့အတွက် အပြင်လောကမှာ ဘာတွေဖြစ်နေတယ်ဆိုတာ မသိပါဘူး။ အပြင်သွားခွင့်လည်းမရှိတဲ့အပြင် သွားလည်း မသွားတတ်ပါ။ အပြင်ဆိုလို့... ရွှေတိဂုံဘုရားရယ်၊ သဆော်ဆိပ်ရယ်၊ ဘုရားလမ်းက ကဝိမျက်မှန်ရယ်၊ ခေါင်းဆောင်ကြီးတွေကျဆုံးတုန်းက သွားပြီးတန်းစီ အလေးပြုတုန်းကရောက်တဲ့ ဂျူဗလီဟောရယ်၊ နောက်တစ်ခုက... လွတ်လပ်ရေးမရခင်က ကင်းထောက်အသင်းချုပ် မီးပုံပွဲအခမ်းအနားရှိလို့ ကင်းထောက်(ဝံပုလွေ) အဖြစ်တက်ရောက်ခဲ့ဖူးတဲ့ ဘုရင်ခံအိမ်တော် ဒါပဲရောက်ဖူးပါတယ်။ ဒါကြောင့် ပြင်ပလောကမှာရှိတဲ့ ဂီတနယ်က ပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံရင်းနှီးခွင့်မရှိခဲ့ဖူးပါဘူး။ ကျောင်းဝင်းပရိဝုဏ်ထဲကပဲ ဗိုလ်ချုပ်တို့ကျဆုံးတာ၊ လွတ်လပ်ရေးရတာ၊ အင်းစိန်ကို ကရင်တွေ ဝင်စီးတာ အစရှိတဲ့သမိုင်းဖြစ်ရပ်တွေကြားသိခဲ့ရပါတယ်။

၁၉၅၀ ပြည့်နှစ်မှာ ဦးလေးဦးတင့်ဆွေကို သီဟိုဠ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးခန့်အပ်လို့ ဦးတင့်ဆွေရဲ့ဇနီးဖြစ်တဲ့ ဒေါ်ထားရီရဲ့ညီမ ဆရာမ ဒေါ်ခင်မကြီးတို့ မိသားစုလည်း လိုက်သွားရဖို့ ဖြစ်လာပါကယ်။ စာမေးပွဲနီးကပ်နေပြီဖြစ်တဲ့ ကျွန်တော့်ကို

mgyoe.com

mgyoe.com

ဒုကျောင်းအုပ်ကြီး ဆရာကြီးဦးအေးသွယ် နေအိမ်ခန်းမှာ ဆက်လက်နေထိုင်ဖို့ တီချာက အစီအစဉ်လုပ်ပေးပါတယ်။ အဲဒီအချိန်က ကျွန်တော့်ရဲ့ဘကြီးတော်တဲ့ ဆရာဦးစိုးတင့်ကလည်း မြို့မကျောင်းကနေ လူထုပညာရေးဌာနကိုပြောင်းသွားပြီမို့ ကျောင်းမှာ မရှိတော့တဲ့အတွက် အဲဒီလိုစီစဉ်ရခြင်းဖြစ်ပါတယ်။

စာမေးပွဲဖြေပြီးတာနဲ့ ကျွန်တော် ထုံးစံအတိုင်း ဝါးခယ်မကို လူကြုံနဲ့ပြန်ခဲ့ပါတယ်။

ကျောင်းပြန်ဖွင့်တဲ့အခါ ကျွန်တော် ခြောက်တန်း တက်ရပါတယ်။ ဒါပေမဲ့ ကျောင်းအိပ်ကျောင်းစား မဟုတ်တော့ဘူး။ (Day Scholar) ခေါ်တဲ့ နေ့ကျောင်းသားအဖြစ်နဲ့ တီချာဒေါ်ခင်မကြီးစီစဉ်ခဲ့တဲ့အတိုင်း တီချာရဲ့အစ်မ အကြီးဆုံးဒေါ်မမကြီး (သစ်တောမင်းကြီးဦးထွန်းငွေရဲ့ဇနီး)အိမ်ကနေ ကျောင်းတက်ရပါတယ်။ ဘဘကြီး ဦးထွန်းငွေ နေတာက သမ္မတအိမ်တော်နံဘေးက ဖိုက်(ချ်)လမ်းပေါ်မှာရှိတဲ့ (Fytche Flats) လို့ခေါ်တဲ့ တိုက်ခန်းကျယ်အဆောက်အအုံကြီးမှာ အခုအဏ္ဏဝါရိပ်သာပါ။ ကျွန်တော်က ဟုမ်းလမ်း ဘူတာရုံကနေ လမ်းမတော်ဘူတာရုံကို မီးရထားစီးပြီး ကျောင်းတက်ရပါတယ်။

နေရထိုင်ရတာ အဆင့်အတန်းမြင့်မြင့်နေရပေမဲ့ အဲဒီမှာ ကျွန်တော် မပျော်ပါဘူး။ သူငယ်ချင်းအပေါင်းအသင်းလည်း မရှိ၊ စန္ဒရား မတီးရတာက ပိုပြီး အဓိကကျပါတယ်။ တီချာက ကိုလံဘိုမြို့ကနေ အစ်မတွေ၊ တူမတွေဆီရေးတဲ့ စာထဲမှာ ကျွန်တော့်အတွက် သီးသန့်စာတစ်စောင် အမြဲရေးပါတယ်။ အင်္ကျီအဝတ်အစားတွေလည်း ပို့တယ်။ တီချာ့စာကို ဖတ်ရတဲ့အခါ ကျွန်တော် လွမ်းတာနဲ့ မျက်ရည်ကျရတယ်။

အဲဒီအချိန်ကြမှ ကျွန်တော်ဟာ အဘဦးဘသန်းကို ကွက်ခနဲ သတိရမိပါတော့တယ်။ အဘဆီမှာနေရရင် စန္ဒရားတီးရမယ်။ ဂီတပညာကို စနစ်တကျသင်ရမယ်။ စေ့စေ့တွေးရင်း စန္ဒရားတီးတတ်တာ ၈ နှစ်၊ ၉ နှစ်ရှိပြီ။ တကယ် စနစ်တကျသင်ခဲ့ရတဲ့ အချိန်ရယ်လို့ ဘယ်မှာသိပ်ရှိခဲ့လို့လဲ။ ဒီအတိုင်းနေလို့တော့ မဖြစ်ဘူး။ ကြာရင် ပညာတုံးသွားလိမ့်မယ်။ အဘဆီသွားမယ်။ အဘမှာ စန္ဒရား ရှိမှာပဲ။ မရှိလည်း ဝါးခယ်မက စန္ဒရားကို ရန်ကုန်သယ်မယ်။ ဟုတ်ပြီ . . . အဘကို ရှာမယ်။ အဘဆီမှာ နေမယ်။

ဆေးရုံကြီးရှေ့က ဆရာအတတ်သင် သိပ္ပံကျောင်းမှာ အဘ သုခမ ကထိက လုပ်နေတယ်။ အဲဒီဝင်းထဲမှာပဲ နေတယ်ဆိုတာ စုံစမ်းသိရှိခဲ့ရတဲ့ ညနေမှာပဲ ကျွန်တော် ကျောင်းဆင်းချိန်မှာ လမ်းမတော်ဘူတာက ရထားစီးပြီး အိမ် မပြန်သေးဘဲ စိန့်ဂျွန်းကွန်ဗင့်ကျောင်းဝင်း နဲ့ ဟိုက်စကူးကျောင်းဝင်းကြားမှာရှိတဲ့ ဆရာအတတ်သင်သိပ္ပံ ကျောင်းဘက်ဆီကို လျှောက်လာခဲ့ပါတယ်။ အဘတို့ ကထိကတွေ နေတာက ဟိုက်စကူး ကျောင်းဝင်း

mgyoe.com

mgyoe.com

နဲ့ ကပ်လျက် (ယခုထက်ထိ ရှိနေတဲ့) နှစ်ထပ်အဆောင်မှာဖြစ်ပါတယ်။ မြို့မကျောင်းစိမ်းလုံချည်ဝတ်ပြီး လွယ်အိတ် လွယ်ထားတဲ့ ကျွန်တော့်ကို အဘမမှတ်မိပါ။ ကျွန်တော်ကလည်း စပို့ရှပ်နဲ့ ဘောင်းဘီရှည်ဝတ်ပြီး ကြက်တောင်ရိုက်ဖို့သွားဖို့ပြင်ဆင်နေတဲ့ အဘကို ရုတ်တရက် အဘမှဟုတ်ရဲ့လားလို့ မသေမချာ ဇဝေဇဝါဖြစ်နေမိပါသေးတယ်။

ကျွန်တော်က အဘကို ထိုင်ကန်တော့ပြီး နာမည်ပြောလိုက်တော့ အဘက သိသွားပါတယ်။ ကျွန်တော်က လိုရင်းကို အတိုချုံ့ပြောပြလိုက်ပါတယ်။

"အေးလေ . . . မင်း ရန်ကုန်ပြန်လာကတည်းက ငါ့ဆီလာဖို့ ကောင်းတာ။ မင်းဘယ်တော့ ပြောင်းလာမလဲ"

ကျွန်တော် အလွန် ဝမ်းသာသွားမိပါတယ်။

"အခု သီတင်းကျွတ် ကျောင်းပိတ်တော့မယ်။ ကျောင်းပိတ်ရက် ကျွန်တော် ဝါးခယ်မပြန်ပြီး ကျောင်းပြန်ဖွင့်တာနဲ့ အဘဆီ လာခဲ့ပါရစေ"

"အေး . . .ကောင်းပြီလေ၊ လာခဲ့ပေါ့"

"နောက်တစ်ခုက ကျွန်တော် မြို့မကျောင်းမမှာ မနေချင်တော့ဘူး"

"ဟေ . . . ဘာဖြစ်လို့လဲ၊ ကျောင်းမနေချင်တာလား"

"ကျွန်တော် ကျောင်းနေချင်ပါတယ်။ မြို့မမှာက ကျွန်တော့်ဘကြီးလည်းမရှိတော့ဘူး။ တီချာ ဒေါ်ခင်မကြီးကလည်း နိုင်ငံခြားမှာ နောက်ပြီး . . ."

ကျွန်တော်က အဘထိုင်နေတဲ့ ခုံနံဘေးက စန္ဒရားကြီးကို လှမ်းကြည့်လိုက်မိပါ တယ်။ စောင်းကောက်၊ စောင်းပြားတွေသာမက ပတ္တလား၊ မယ်ဒလင်၊ ဂီတာတွေက လည်း နံရံမှာချိတ်လို့။ ဧည့်ခန်းတစ်ခန်းလုံး တူရိယာပစ္စည်းတွေအပြည့်။

"နောက်ပြီး ကျွန်တော်မပျော်လို့ပါ။ ဟိုက်စကူး ဆိုတော့... ကပ်နေတော့ အချိန်မကုန်တော့ဘူးလို့ ထင်ပါတယ်"

"အေးလေ . . . မင်း မြို့မက ကျောင်းပြောင်း လက်မှတ် တစ်ခါတည်း ယူပြီးလာခဲ့။ ငါ ဒီမှာ ဆရာကြီး ဦးဘသန်းတင်ကို ဝင်ခွင့်အတွက် ပြောထားမယ်"

ကျွန်တော် ပျော်လိုက်သည်ဖြစ်ခြင်း။

အိမ်ကို ဘယ်လိုပြန်ရောက်သွားမှန်းတောင် မသိတော့ပါ။ ပထမတော့ အဘနဲ့သာ စကားပြောနေရတယ်။ စန္ဒရားကို အဖုံး ဖွင့်ပြီး တီးလိုက်ချင်တာမှ တစ်ပိုင်းပင်သေနေပါတယ်။ နောက်တော့လည်း အဘပြောတာတွေ ကြားရတော့ အားရဝမ်းသာဖြစ်ပြီး စန္ဒရား တီးဖို့တောင် မေ့သွားပါတယ်။

mgyoe.com

mgyoe.com

ကျွန်တော်ကျောင်းပိတ်ရက် ဝါးခယ်မအပြန်မှာ အမေ့ကိုအကျိုးအကြောင်းပြောပြီး အဘ ဦးဘသန်းအိမ်ကိုတန်းလာခဲ့ပါတယ်။ တီချာ ဒေါ်ခင်မကြီးထံ ကိုလံဘိုမြို့ကို ကျောင်းပိတ်ရက်ကတည်းက ကျွန်တော်စာရေးပြီး အကြောင်းစုံ ခွင့်ပန်ပြီး ဖြစ်ပါတယ်။ ဘဘကြီးဦးထွန်းငွေ၊ ကြီးကြီးဒေါ်မမကြီးတို့မိသားစုကိုလည်း ဝါးခယ်မ မပြန်မီ နှုတ်ဆက်ကန်တော့တုန်းကတည်းက ဘဘဦးဘသန်းထံမှာ နေထိုင်တော့မည်ဖြစ်ကြောင်း ပန်ကြားပြီးဖြစ်ပါတယ်။

၁၉၅၀ ပြည့်နှစ်ရဲ့ စာသင်နှစ်လယ်မှာ ကျွန်တော် ဟိုက်စကူးကျောင်းကို ၆ တန်းနဲ့ ပြောင်းလာခဲ့ပါတယ်။ ကျောင်းကြီးထဲမှာ အဲဒီတုန်းက အခုမြင်နေရတဲ့ E ပုံသဏ္ဍာန် ဗဟိုအစိုးရအထက်တန်းကျောင်း အဆောက်အအုံတောင် မဆောက်ရသေးပါဘူး။ ၁၈၇၅ ခုနှစ်က ဆောက်ခဲ့တဲ့ ထင်ပေါ်သည့်အတိုင်း ဟိုက်စကူးကျောင်းဟောင်းအတိုင်း ရှိပါသေးတယ်။ အခု ကျောင်းနေရာက မြက်ခင်းပြင်ကြီးပါ။

အဘ ဦးဘသန်းအိမ်မှာ အဲဒီတုန်းက အဘရဲ့ဇနီး ဒေါ်ထိပ်တင်မကြီးနဲ့ သမီး ထိပ်တင်သန်းဆွေ(၉ နှစ်ခန့်)နဲ့ သားထိပ်တင်သောင်း ထိပ်တင်ဝင်း၊ ဒရမ်ထိတ်တင်သင်း၊ အက ထိတ်တင်စန်း.... စတဲ့ သား၊ သမီးတွေ မမွေးသေးပါဘူး။ နောက်ပြီး... သထုံကို ကြည်လေးခေါ်တဲ့ အဘရဲ့တပည့်တစ်ဦး အိမ်မှာ ရှိပါတယ်။ ကိုကြည်လေးက... စန္ဒရား၊ (၈ နှစ်ခန့်) တို့ အတူနေကြပါ တယ်။ (အခု ဂီတလောကမှာ လှုပ်ရှားနေကြတဲ့ စန္ဒရား၊ စောင်း၊ တယော၊ ဂီတ၊ ဘင်ချိူ၊ မယ်ဒလင်၊ ပတ္တလားအကုန်ရတယ်။ နည်းနည်းစီပေါ့၊ တယောသမားကောင်း အဖြစ်နဲ့ ထင်ရှားပါတယ်။ ဟိုက်စကူးကျောင်းမှာ တက်ရတာ အားလုံးအဆင်ပြေပါတယ်။ ပထမ ခေါင်းလောင်းထိုးမှ အဝတ်အစားလဲပြီး ကူးသွားလိုက်ရုံပါပဲ)

အမှန်ကတော့... ကျွန်တော့်ဘဝရဲ့တစ်ဆစ်ချိုးဟာ အဲဒီအချိန်က စခဲ့တယ်လို့ ဆိုရပါမယ်။ ဂီတပညာကို အခြေခံကျကျ စနစ်တကျနဲ့ ကျယ်ကျယ်ပြန့်ပြန့် ဆည်းပူးလေ့လာခွင့်ရခဲ့တာဟာ ဘဘဦးဘသန်းနဲ့ အခု ဒုတိယအကြိမ် ပြန်တွေ့ရတဲ့ ၁၉၅၀ ပြည့်နှစ်ကမှ စခဲ့ပါတယ်။

ကျွန်တော် အချိန်မှန်မှန် စာကျက်ရသလို အချိန်မှန်မှန် သီချင်း တက်ရပါတယ်။ စန္ဒရားခုံမှာ ထိုင်တာကအစ လက်ထားပုံ(Hand Position)၊ လက်ချောင်းလှုပ်ရှားသွားလာပုံ (Fingering) အသံထိန်းဘရိတ် အသုံးပြုပုံ (Pedaling) လက်ကျ အလေးအပေါ့ (Touching)စတဲ့ စန္ဒရားနဲ့ ပတ်သက်တဲ့စနစ် (Piano Technics) တွေကို

mgyoe.com

အကုန်ပြသပါမယ်။ အဘဟာ မြန်မာသီချင်းကြီးတွေကို သင်ပေးပေမယ်လို့ စန္ဒရား တူရိယာပစ္စည်းကို သင်တဲ့အခါ တီးကွက်တီးလက်က လွဲလို့ ကျန်တာတွေကို အထက်က ပြောခဲ့တဲ့အတိုင်း နိုင်ငံခြားစန္ဒရားတီးတဲ့စနစ်တွေကို အသုံးပြုပါတယ်။

"မြန်မာသီချင်းကို တီးတာမို့ တီးကွက်ဟန်ထား စည်းဝါး... စတဲ့ မြန်မာမှုမှန်သမျှကို မြန်မာပီသရမယ်။ ဒါပေမဲ့ သူတို့ပစ္စည်းသုံးတာမို့ ပစ္စည်းအပေါ်မှာတော့ နိုင်ငံခြားစနစ် အတိုင်း ကျင့်သုံးရမယ်"လို့ပြောပါတယ်။ အဘရဲ့အဆိုအမိန့်ဟာ မြန်မာသီချင်း တီးရာ မှာ အင်္ဂလိပ်လို တီးဖို့ပြောနေတာမဟုတ်ကြောင်းကို သဘောပေါက်မိပါလိမ့်မယ်။ အနှစ်သာရပိုင်းက သတ်သတ်၊ စနစ်ပိုင်းကသတ်သတ်လို့ ဆိုလိုတာပါ။

အဘဆီပြန်ရောက်စ ကျွန်တော် စန္ဒရားတီးပြတုန်းက အဘက ပြောတဲ့စကား တစ်လုံးကို ကျွန်တော်မမေ့နိုင်ခဲ့ပါဘူး။

"မင်းက လက်သွက်တယ်၊ ဒါပေမဲ့ လက်ပျက်နေတယ်"တဲ့။

တီးနိုင်တယ်။ စနစ်မရှိဘူးလို့ပြောတာပါပဲ။

ကျွန်တော် အဘပြသမျှကို တစ်လုံး မကျန်လေ့လာတယ်။ မီအောင်လိုက်တယ်။ တီးတယ်။ မှတ်တယ်။ တစ်လလောက် တီးမိရင်ပဲ ကျွန်တော့်ရဲ့လက်ဟောင်းတွေပျောက် ပြီး လက်သစ်ပေါ်လာပါတယ်။ အဘကလည်း အားရတယ်။ ကျေနပ်တယ်။ နောက် ဂုဏ်ယူတယ်။

တစ်နေ့ ကျွန်တော်ကျောင်းကပြန်လာတဲ့အချိန် အိမ်မှာအသက်ကြီးကြီး ထောင်ထောင် မောင်းမောင်း မိန်းမကြီးတစ်ဦးရောက်နေတာ တွေ့ရတယ်။ အဘနဲ့ မေဖုရားတို့ကလည်း ဂရုတစိုက်ဧည့်ခံနေတာ တွေ့ရတာနဲ့ ကျွန်တော်လည်း ခပ်ယို့ယို့နောက်ထဲဝင် သွားပြီး အဝတ်အစားလဲရင်း ဧည့်သည်ပြောနေတဲ့စကားတွေကို နားစွင့်မိပါတယ်။ ဧည့်ခံပွဲတစ်ပွဲမှာ တီးဖို့ အဘကို တီးဝိုင်းငှားနေတဲ့ သဘောမျိုးအရိပ်အခြည် ဖမ်းလို့ရပါတယ်။ ကျွန်တော် အပြင်ထွက်လာတော့ အဘက...

"မင်း . . . သူ့ကိုသိလား" လို့ အမျိုးသမီးကြီးကို မေးငေါ့ပြရင်း ကျွန်တော့်ကို မေး ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် မိတ်ဆက်ပေးခါနီးတိုင်း အဘက ဒီလို အမြဲပြော တတ်ပါတယ်။ ကျွန်တော် မသိတဲ့အတိုင်း ပြန်ဖြေတော့...

"အဲဒါ ဒေါ်ကြည်အောင် ဆိုတာပဲ၊ မှတ်ထား"လို့ အဘက ပြောပြီး . . .

"ကဲ 'သဇင်ပန်း' တီးပြလိုက်စမ်း"

ကျွန်တော် လောလောလတ်လတ် တက်ထားတဲ့ (စစ်ဖြစ်လို့ ဓာတ်ပြား မသွင်းနိုင်

mgyoe.com

လိုက်တဲ့ ဒေါ်ကြည်အောင်ရဲ့) သဇင်ပန်းသီချင်းကို တီးပြလိုက်ပါတယ်။

"အောင်မယ် မောင်ဘသန်း... မင်းသားက အလာကြီးပဲ"လို့ ဒေါ်ကြည်အောင် ချီးမွမ်းပါတယ်။

အဲဒီပွဲသွားတီးတော့ ကျွန်တော်လိုက်သွားရပါတယ်။ စောင်း ဦးဘသန်းနဲ့ တီးဝိုင်းမှာ တယောက ကိုသန်းမောင်၊ အဆိုနဲ့ တယောက ကိုကြည်လေး၊ နောက် ယောကျ်ားအဆိုက ကိုလှဖေ(ကြည့်မြင်တိုင်) အဘက စန္ဒရားနဲ့ စောင်း၊ အမျိုးသမီးအဆိုက ဒဂုန်ခင်၊ ခင်ခင်ကြည်၊ အရေးကြီးတဲ့ ပွဲတွေမှာ ဒေါ်ကြည်အောင်နဲ့ ဒေါ်စိန်ပါတီတို့ကို ခေါ်လေ့ရှိပါတယ်။ ကျွန်တော်က စစချင်းတီးတော့ တစ်ပုဒ်၊ နှစ်ပုဒ်တီးရတယ်။ ကျင့်သားရသွားတော့မှ အဆိုတော်တွေအတွက် တီးရပါတယ်။ ၃၊ ၄ပွဲလောက် ဒေါ်ကြည်အောင်အတွက် ကျွန်တော် တီးပေးခဲ့ဖူးပါတယ်။ 'သဇင်ပန်း' တို့ 'ပဥ္စသိခ်'တို့လို သွက်လက်လွယ်ကူတဲ့ သီချင်းတွေကြတော့ ကျွန်တော် အစအဆုံးတီးရပါတယ်။ 'သုံးရွှေလည်'တို့နဲ့ အောင်ဇလအလွမ်းပြေတို့လို သီချင်းကြီးမျိုးတွေကြတော့ အဘက မျက်စပစ်တဲ့အပိုဒ်တွေမှာ ဝင်တီးရပါတယ်။ ဒေါ်စိန်ပါတီနဲ့ကတော့ မကြာခဏ တွဲတီးဖြစ်ပါတယ်။ အများဆုံး တီးရတာကတော့ စထရင်းဟိုတယ် မင်္ဂလာဆောင်ပွဲတွေမှာပါပဲ။

အဘက ပွဲတီးရင် စနစ် သိပ်ကြီးတယ်။ ကော်လာမပါတဲ့ စတစ် ရှပ်အင်္ကျီဖြူ၊ ပိုးချည်နဲ့ တိုက်ပုံအင်္ကျီကို သပ်သပ်ရပ်ရပ်ဝတ်ရတယ်။ ပွဲတီးမယ့်နေရာကို အစောကြီးရောက်ရတယ်။ သူကိုယ်တိုင်လည်း အစောကြီးလာတယ်။ တီးဝိုင်းသားအားလုံး ကြိုးညှိတာ ဗုံပတ်စာတပ်တာတို့ အကုန်အဆင်သင့်ကြိုလုပ်ထားကြရတယ်။ ဟောင်းဟောင်းနွမ်းနွမ်းနဲ့ ရောက်လာမယ်တော့ မကြဲနဲ့၊ ချက်ချင်းပြန်ခိုင်းတယ်။ ကျက်သရေရှိချင်လို့ ပွဲ ထုတ်တာ၊ မင်းရုပ်က ကျက်သရေမရှိတာ ပြန်တော့... လို့ နှင်ထုတ်တာရှိတယ်။ နောက်တစ်ခုက ပွဲတီးရှိရင် အရက်မသောက်ရ။ သူလည်း မသောက်ဘူး။ ပြီးရင်... တပည့်တွေကို တိုက်တယ်။ သူလည်း သောက်တယ်။

တစ်နှစ်လောက်ကာလအတွင်းမှာ ကျွန်တော်သီချင်းကြီးနဲ့ ကာလပေါ်အတော်များများရခဲ့ပါတယ်။ ပွဲတီးအတွေ့အကြုံလည်း အတော်ရခဲ့ပါတယ်။ သမ္မတအိမ်တော် ပလ္လင်ခန်းမဆောင်ကြီးမှာ သမ္မတကြီးညှော်ခံပွဲတစ်ပွဲကို အဘတီးဝိုင်း နဲ့ ရောက်ခဲ့ဖူးပါတယ်။ ပါဝင်တီးခဲ့ဖူးပါတယ်။

သီချင်းတက်ပေးတဲ့နေရာမှာ အဘက မညာတတ်ဘူး။ တပည့်ရဲ့ ယူနိုင်တဲ့အင်အားကို လေ့လာပြီးရနိုင်သလောက် ပေးတတ်ပါတယ်။

mgyoe.com

ကျွန်တော် အမှတ်ရမိပါသေးတယ်။ ဘာသီချင်းကြီးတက်တုန်းကလည်းတော့ မမှတ်မိတော့ပါ။ ဘောလုံးကန်ရတာ အပြန်ရေမိုးချိုးပြီး သီချင်းတက်နေတာ ခဏကြာတော့ ပင်ပန်းပြီး ကုလားထိုင်နောက်ကျောမှီပြီး တီးရင်းငိုက်နေတာနဲ့ အဘက ကျွန်တော့်ကို အတီးရပ်ပြီး...

"မောင်ကြည်ဆီမှာ လွှသွားယူစမ်း" လို့ခိုင်းပါတယ်။ ကျွန်တော်က ကိုကြည်လေးရဲ့အခန်းမှာ လွှသွားတောင်းပြီး အဘကို လှမ်းပေးတော့ . . .

"မင်းထိုင်တဲ့ ကုလားထိုင်နောက်မှီကို ဖြတ်လိုက်စမ်း"လို့ အမိန့်ပေးပါတယ်။ ကျွန်တော်လည်း အိပ်ချင်တာတွေ ပြေသွားပြီး ကြောက်ကြောက်နဲ့ သစ်သားနောက်မှီတန်း ၂ ခုကို လွှနဲ့တိုက်ဖြတ်ရပါတယ်။ ပြီးတော့မှ . . .

"အဲဒါ မင်းရဲ့ကုလားထိုင် မှတ်ထား။ နောက် ဒီကုလားထိုင်နဲ့ပဲ စန္ဒရားတီးရမယ်" လို့ အမိန့်ထုတ်ပြီး အဲဒီနေ့အဖို့ စန္ဒရားသင်တာ ရပ်လိုက်ပါတယ်။ အဲဒီကစပြီးကျွန်တော် မငိုက်တော့ပါ။ စန္ဒရားတက်ခါနီးဆိုရင် ဘာတစ်ခုမှ ပင်ပင်ပန်းပန်း မလုပ်တော့ပါ။

"ကျွန်တော်က အဲဒီ ကုလားထိုင်မှာ ကြေးမှုံကလေးတွေနဲ့ 'လှထွတ်'လို့ နာမည်ထိုးထားလိုက်ပါတယ်။

**စန္ဒာရုပ်စုံမဂ္ဂဇင်း၊ မေ၊ ၁၉၈၅။**

❑

mgyoe.com

## (၃)

သီချင်းတက်ရင်း တစ်ခါကလေးငိုက်မိလို့ နောက်မှီကိုလွှနဲ့တိုက်ဖြတ်ထားတဲ့ ကျွန်တော့်ရဲ့ကိုယ်ပိုင်ကုလားထိုင်မှာ ကျွန်တော်သီချင်းကြီးတွေ၊ ကာလပေါ်တွေ အဆက်မပြတ် စန္ဒရားနဲ့တက်ခဲ့ရပါတယ်။ ကာလပေါ်ဆိုတဲ့ နေရာမှာ ဒေါ်ကြည်အောင် ဆိုထားတဲ့ကာလပေါ်ကြီးတွေ၊ (အဲဒီတုန်းက ခေတ်ဟောင်းသီချင်းလို့ မခေါ်ဝေါ်သေးပါဘူး) နန်းတော်ရှေ့ဆရာတင်တို့ ရွှေတိုင်ညွန့်တို့ရေးတဲ့ သီချင်းတွေနဲ့ အဘဦးဘသန်းကိုယ်တိုင် ရေးစပ်တဲ့ မင်္ဂလာပွဲနဲ့ ပတ်သက်တဲ့သီချင်းတွေများပါတယ်။

အထူးသဖြင့်၊ သီချင်းကြီးကို အလေးပေးပြီးတက်ရပါတယ်။ လေ့လာဆည်းပူးရင်း အတွေ့အကြုံကလေးတွေ ရလာတာနဲ့အမျှ ကျွန်တော်ဟာ မြန်မာသီချင်းကြီး အတီးပညာနဲ့ ပတ်သက်လို့ အဓိက အကျဆုံးဟာ... အတွဲအဖက်ပဲဆိုတာ သဘောပေါက်လာမိပါတယ်။ မြန်မာသီချင်းကြီး (မြန်မာသံသီချင်းအားလုံး) တီးတတ်သလား၊ မတီးတတ်ဘူးလားဆိုတာ အတွဲအဖက် မှန်၊ မမှန်ကို ကြည့်ခြင်းအားဖြင့် (နားထောင်ခြင်းအားဖြင့်) သိနိုင်ပါတယ်။ မြန်မာ ဂီတ အတွဲအဖက် စနစ်ဟာ International Harmony (ကမ္ဘာသုံးဂီတ အတွဲအဖက်စနစ်)နဲ့ နေရာတိုင်းမှာ သဘောမတူပါဘူး။ ထူးခြားတဲ့ ပင်ကိုယ်စရိုက် အသံဖွဲ့စည်းမှု (Characteristic Sound Fornation) မြန်မာဂီတမှာ ရှိပါတယ်။ အကွက်အလက် ဆိုတာ အတွဲအဖက်မှန်ရင် ကွန့်ချင်သလို ကွန့်လို့ရတယ်။

အဲဒီတုန်းက အဘဟာ ဂီတမာလာလို့ခေါ်တဲ့ ကမ္ဘာသုံး သင်္ကေတ နည်းပြစာအုပ် ထုတ်ဝေနေပါပြီ။ စောင်း၊ ဂီတ၊ မယ်ဒလင်စတဲ့ ကြိုးတပ်တူရိယာများအတွက် သီးသန့်စီရင်ရေးသားတဲ့ စာအုပ်ပါ။ ကျွန်တော်တို့ ဂီတသင်္ကေတ ပထမဦးဆုံးမြင်ဖူးကြခြင်းပါပဲ။ မိတ်ဆွေတော့မဖြစ်ခဲ့ကြရဘူး။ ဘာလို့လဲဆိုတော့... အဘက ဂီတသင်္ကေတပညာကို နောင်တစ်နှစ်လောက်နေမှ သင်ယူရမယ်။ အခု စာအုပ်ကလည်း စန္ဒရားတူရိယာ

mgyoe.com

mgyoe.com

အတွက် ရေးသားထားတာ မဟုတ်တဲ့အတွက် မင်းနဲ့ မဆိုင်သေးဘူး။ ဒါကြောင့် မလေ့လာနဲ့ဦး"ဆိုပြီး... ဆိုင်းငံ့ထားတဲ့အတွက်ပါပဲ။

ညဘက်တွေမှာ မိုးကလေးတစိမ့်စိမ့်ရွာပြီဆိုရင် ကိုကြည်လေးက စောင်းပြားနဲ့ သီချင်းတွေ တီးဆို လေ့ရှိပါတယ်။ တောတောင်စွယ်၊ မိုးလုံးပတ်လည်၊ ယမုံနာ... စတဲ့ သီချင်းကြီးတွေနဲ့ ဒေါ်ကြည်အောင်ရဲ့ ချစ်မိုးကြီး၊ ပြည်ရွှေဘို၊ အောင်ဗလ အလွမ်းပြေ စတဲ့ သီချင်းတွေ၊ မိုးကလည်းရွာ၊ ညကလည်းတိတ်ဆိတ်နေတော့... စောင်းသံနဲ့ သီချင်းသံဟာ အင်မတန် နားဝင်တွေ့လှပါတယ်။

အဲဒီမှာတွင် စောင်းသံက ကျွန်တော့်ကို ညှို့ပြန်ပါတယ်။ သင်္ကေတနဲ့ အရောမဝင်ရသေးဘူးလို့ တားမြစ်ခံရတဲ့ ကျွန်တော်ဟာ စောင်းတီး သင်ချင်နေပြန်ပါတယ်။ ကျွန်တော် အဘထံမှာ စောင်းသင်ချင်တဲ့အကြောင်း ခွင့်တောင်းတယ်။ အဘရဲ့အဖြေကြောင့် ကျွန်တော် အံ့အားသင့်ရတယ်။ ၁၀ တန်းအောင်ပြီးမှ စောင်း သင်ရမယ်တဲ့။

အဘရဲ့သဘောက ကျွန်တော့်ကို စန္ဒရားပြည့်ပြည့်ဝဝကြီး တတ်စေချင်တယ်။ ဟိုစပ်သည်စပ်စပ် မလုပ်စေချင်ဘူး။ (သူ့တပည့် ကိုကြည်လေးလို အောရောင်း မဖြစ်စေချင်ဘူး) ဂီတစူးစိုက်မှုအင်အားကို တစ်နေရာတည်းမှာပဲ စုထားစေချင်တဲ့ သဘော၊ ဒါမှ ထွန်းပေါက်မယ်။ ပညာဆုံးခန်းတိုင်မယ်။ ဒါတွေကို... ကျွန်တော်နောက်မှ သဘောပေါက်မိတာပါ။ ဂီတသင်္ကေတကို တစ်နှစ်လောက်ကြာမှ သင်ပေးမယ်ဆိုတာကလည်း နှုတ်တိုက်၊ လက်တက် စန္ဒရားသင်နေရာက သင်္ကေတနဲ့ လမ်းခုလတ်မှာ ဖတ်လိုက်ရင် အာရုံခွဲဝေပေးရမှာမို့ အရှိန်နှုန်းလျော့သွားမှာ အဘ စိုးရိမ်တယ်။ လက်ရှိတဲ့ အကောင်ပြေးပေစေဦး။ မြန်မာ့ဂီတရဲ့ အတွဲအထက်၊ နရီစည်းဝါး၊ ဟန်ထား၊ အကွက်အလက်၊ သဘောအထာတွေ နှလုံးသားထဲမှ စိမ့်ဝင်ပေစေဦး ဆိုတဲ့ စေတနာနဲ့ အချိန် ပေးထားခြင်း ဖြစ်ပါတယ်။

၁၉၅၀– ၁၉၅၁ ခုနှစ်များဟာ ၆ တန်းစာမေးပွဲကျပေမဲ့ ကျွန်တော့်ရဲ့ဘဝမှာ အပျော်ဆုံးနှစ်များဖြစ်ခဲ့ရပါတယ်။ စန္ဒရားကို အချိန်ပြည့် တီးရတယ်။ စာမေးပွဲ ကျတာက နှစ်တစ်ဝက်နဲ့ မြို့မကျောင်းက ၆ တန်းကျောင်းပြောင်းလက်မှတ်နဲ့ ပြောင်းလာခဲ့တာမို့ ဟိုက်စကူးမှာလည်း ၆ တန်းပဲပြန်ပြီး ဆက်တက်ရတော့... အကူးအပြောင်း၊ အထာ မကျတာတွေကြောင့်လို့ပဲ အောက်မေ့ရပါတယ်။ ကျွန်တော်စာဘက်မှာတော့ စိတ်ဝင်စားမှု ဘယ်တော့မှ မလျော့ဘူး။ စာတတ်ချင်တယ်။ စာတတ်ရမယ်ဆိုတဲ့ ပညာစိတ် ကျွန်တော့်မှာရှိတယ်။ ဒါကြောင့်မို့ ကျွန်တော်ဟာ ၆ တန်းကျပေမဲ့ အဲဒီကာလ

mgyoe.com

mgyoe.com

အတွင်းမှာ ဂီတအတန်းကတော့ ဖ တန်းမက အဆင့်တွေ အများကြီး တတ်ခဲ့သားပဲလို့ တွေးပြီး နှစ်သိမ့်ခဲ့ပါတယ်။

အဘကလည်း ကျွန်တော့်ကို ကျောင်းပညာ တတ်စေချင်တယ်။ ဒါကြောင့် စာမေးပွဲ နီးရင် သီချင်းမတက်ပေးတော့ဘူး။ "မင်း... ဘီအေ အောင်ရမယ်။ ဘီအေအောင်ပြီး တီးစားရမယ်လို့ အမြဲပြောလေ့ရှိပါတယ်"။

ပြောလည်း ပြောစရာပဲလေ။ အဘမှာလည်း ပညာရေးခံစားချက်က အပြည့်ရှိနေ တယ်မဟုတ်လား။ မြန်မာပြည်တစ်ပြည်လုံးအတွက် ကျောင်းဆရာတွေ မွေးထုတ်ပေးနေ တဲ့ ဆရာအတတ်သင်သိပ္ပံကျောင်းကြီးမှာ အဘရဲ့အထက်မှာ ဘယ်ကထိကမှ မရှိဘဲ အဘဟာ လက်ထောက်သုခမကထိက လုပ်နေရတယ်။ သူတစ်ယောက်တည်းရှိတဲ့ရာထူး မှာ ဘီအေဒီဂရီ မရှိလို့ဆိုပြီး အဘကို ကထိက ရာထူးမပေးဘဲ လက်ထောက်ကထိက ရာထူးပဲ ပေးထားတယ်။ ပညာရေးဌာနနဲ့ အဘနဲ့ မပြေမလည်ဖြစ်ကြတယ်။

"ကျုပ် ပညာကို... ဘွဲ့နဲ့တိုင်းရင် ကျုပ်ဟာ အမ်အေတို့၊ ပီအိတ်ချ်ဒီတို့ ဒေါက်တာတို့ ထက်မနိမ့်ဘူး။ ပါမောက္ခလောက် အသာကလေးရှိတယ်။ ကျုပ်ဌာနမှာ ကျုပ်အထက်မှာ လည်း ကထိကမရှိဘဲ လက်ထောက်ကထိက လုပ်နေရတာ နစ်နာတယ်။ ကထိက ရာထူးပေးပါ"

မရပါ။ အဘမှာ ဘီအေ ဒီဂရီ မရှိလို့ ကထိက ရာထူး မရခဲ့ပါ။ ဒါကြောင့် အဘက ကျွန်တော့်ကို ပညာတတ် စေချင်တယ်။ ပညာတတ် ဂီတသမားဖြစ်ရမယ်ဆိုတဲ့ ရည်ရွယ် ချက်ရှိတယ်။ ဒါကြောင့် အဲဒီအချိန်တုန်းက ကျွန်တော်ဟာ စန္ဒရားတီးမယ်။ ကျောင်း တက်မယ် ဆိုတာပဲ သိခဲ့ပါတယ်။ အသက်ကလည်း ၁၅ နှစ်ကျော်ကျော်ပဲရှိသေးတာ မို့ အပြင်လောကမှာ ဘာတွေဖြစ်နေတယ်ဆိုတာ စိတ် မဝင်စားခဲ့ပါဘူး။ တစ်ခုပဲရှိပါ တယ်။ ကျွန်တော်ဟာ အဲဒီတုန်းက စန္ဒရား တီးတာရယ်၊ ကျောင်းတက်တာရယ် အပြင် တခြား ရုပ်ရှင်ကြည့်တဲ့ အလုပ်ကလေးတော့ လုပ်ဖြစ်ခဲ့ပါတယ်။

ရုပ်ရှင်တော့ ကျွန်တော်ဝါသနာပါတယ်။ နိုင်ငံခြားရုပ်ရှင်ကို ပြောတာပါ။ ရန်ကုန် ဆေးရုံကြီး ရှေ့မှာနေတော့ ရုပ်ရှင်ရုံတွေနဲ့ကလည်း နီးနေတဲ့အတွက် ကျောင်းတက် စန္ဒရားတီးလို့ပြီးရင် အားလပ်တဲ့အခါ ရုပ်ရှင်သွားတတ်ပါတယ်။

အိတ်ဆယ်လ်စီယာ(ဝဇီရာ)ရုံမှာ ပြတဲ့ အမ်ဂျီအမ်က တေးသံစုံကားတွေဆိုရင် လက်မလွှတ်တမ်း ကြည့်ဖြစ်ခဲ့ပါတယ်။ Anchors A weigh, Neptune's Daughter, On The Town Three Little Words, Singing In The Rain, An American In

mgyoe.com

mgyoe.com

Paris စတဲ့ကားတွေ။

ဂလုပ်(ဂုဏ်)ရုံမှာ ပြတဲ့ ဝါနာ ဘရားသား ကုမ္ပဏီက ဒေါရစ်ဒေး၊ ဂေါ်ဒွန်မက်ရေး တို့ပါတဲ့ တေးသံစုံ ကားတွေ (Tea For Two, By the Light Of the Silvery Moon, On Moonlight Bay) စတဲ့ကားတွေ။

ပလေဒီယံ (ပပဝင်း) ရုံမှာပြတဲ့ ယူနီဗာဆယ်ကုမ္ပဏီက မင်းသားသစ် တွေဖြစ်တဲ့ ရော့ခ်ဟတ်ဆန်၊ တိုနီကားတစ်၊ ပိုက်ပါလော်ရီ တို့ရဲ့ကားတွေ။

ကာလ်တန်(ယုဇန)ရုံမှာပြတဲ့ ပါရာမောင့်တို့၊ အာ– ကေ– အိုတို့ စတဲ့ ကုမ္ပဏီက ကားတွေ အတော်များများကြည့်ဖြစ်ခဲ့ပါတယ်။

ရုပ်ရှင် ဝါသနာပါရာက တစ်ဆင့် အကျင့်ကောင်းကလေး တစ်ခုတော့ ရရှိခဲ့ပါတယ်။ အဲဒါကတော့ အင်္ဂလိပ်စာတတ်ချင်တဲ့ဆန္ဒပြင်းပြခဲ့ခြင်းပါပဲ။ ပိတ်ကားပေါ်က ဇာတ်ကောင်တွေ ဘာတွေပြောနေသလဲဆိုတာ နားလည်ချင်တယ်။ ဝါသနာအရ Picture Show တို့၊ Picture Goer တို့လို ရုပ်ရှင်စာစောင်ကလေးတွေ အပတ်စဉ် ဝယ်ကြည့်ရင်း ရုပ်ရှင်ဇာတ်လမ်းအကျဉ်းတွေ၊ အကြို ဝေဖန်ချက်တွေ၊ ရုပ်ရှင်မင်းသား သင်တန်းတွေ အကြောင်း ဓာတ်ပုံတွေနဲ့ ဝေဝေဆာဆာဖော်ပြထားတာ တွေ့ရတော့ နားလည်အောင် ကြိုးစားလာမိတယ်။ ဖတ်ပါများတော့လည်း ယဉ်ပါးရာကတစ်ဆင့် နီးစပ်လာပြီး နည်းနည်းပါးပါး နားလည်လာတယ်။

ကျွန်တော့်ဆီမှာ Picture Show စာစောင်တွေ ထင်းရှူးသေတ္တာနဲ့ တစ်လုံးအပြည့် ရှိတယ်။ အဲဒီမှာပါတဲ့ ပို့စကတ်အရွယ် မင်းသား၊ မင်းသမီးတွေပုံကို ကျွန်တော် အကြိုက်ဆုံးတွေ ၂ လက်မခွဲ ၃ လက်မခွဲ ဖြတ်ထုတ် မှန်ဘောင်ကြီးထဲမှာ ကပ်ပြီး ကျွန်တော့် ခေါင်းရင်းမှာ ချိတ်ထားတယ်။ ရောဘတ်တေလာ၊ ဂျိမ်းစတီးဝပ်၊ တိုင်ရုံပါဝါ၊ ဂယ်ရီကူးပါ၊ ကယ်ရီဂရန့်၊ ကာ့က်ဒေါက်ဂလပ်စ်၊ ဗာဂျီနီယာ မေယို၊ ဘက်တီဂရေဘဲယ်၊ အဲလစ်ဇဘက်တေလာ... စသူများ။

ကျွန်တော်ဟာ အဲဒီတုန်းက လူငယ်တို့ထုံးစံအတိုင်း မင်းသားမင်းသမီးတွေကို အဓိကစိတ်ဝင်စားခဲ့ပေမဲ့ ရုပ်ရှင်ကားရိုက်တဲ့ ဒါရိုက်တာနဲ့ ဂီတမှူးတွေတချို့ကိုလည်း တစ်စွန်းတစ်စ သတိပြုခဲ့မိပါတယ်။ Music By ဆိုတဲ့ စာတန်း နေရာတွေမှာ တွေ့ရလေ့ရှိတဲ့ Victor Young, Max Steiner, Dimitri Tiomkin စတဲ့နာမည်တွေကို မျက်မှန်းတန်း နေမိပါတယ်။ သူတို့ရဲ့တေးဂီတတွေကိုတော့ နားလည်ရကောင်းမှန်း၊ နှစ်သက်ရကောင်းမှန်း မသိခဲ့ပါဘူး။

mgyoe.com

အဲဒီတုန်းက ပေါ်ခဲ့တဲ့ နိုင်ငံခြားသီချင်းတချို့ကိုလည်း ကျက်မိရမိခဲ့ပါတယ်။ Tea For Two တို့၊ Three Little Words တို့၊ By the Light of The Slivery Moon တို့ပေါ့။ ဒါပေမဲ့ အဲဒီသီချင်းတွေကို စွဲစွဲလမ်းလမ်းကြီးကြိုက်ခဲ့တယ်ရယ် မဟုတ်ပါဘူး။ ပေါ်ပြူလာဖြစ်လို့ ရနေခဲ့တဲ့ သဘောပါ။ ကျွန်တော် တီးနေတဲ့ မြန်မာဂီတ လောက် အရသာမတွေ့ခဲ့ပါဘူး။

ချာတိတ်ဘဝတုန်းကလည်း စစ်ပြီးစ မြို့မကျောင်းမှာ Only Five Minutes More တို့၊ Seven Lonely Days တို့၊ Ten Thousand Miles တို့ ရခဲ့ဖူးပါတယ်။ ရေရေရာရာ အင်္ဂလိပ်စာသားနဲ့ အစအဆုံးဆိုခဲ့ဖူးတယ်ရယ် မဟုတ်ဘဲ အလိုက်တေးသွား (Melody) လောက်သာရခဲ့တာကို ပြောတာပါ။ ဒါပေမဲ့ 'မေ' တို့၊ 'ခဝဲပွင့်ချိန်' တို့၊ 'တူရိယာလုလင်'တို့၊ 'ငယ်ချစ်ဆွေ' တို့လောက် ရင်မှာလာပြီး မရိုက်ခတ်ခဲ့ပါဘူး။

အမှန်ကတော့... ကျွန်တော်လေ့လာဆည်းပူးနေတဲ့ ဂီတ အနှစ်သာရကို အခြားသော ဘယ်ဂီတမျိုးကမှ ဝင်ရောက်ထိုးဖောက်ဖြားယောင်းလို့ မရခဲ့ဘူးလို့ ဆိုရပါမယ်။ အဲဒီ ၁၉၅၁– ၅၂– ၅၃ သုံးနှစ်သော ကာလအတွင်းမှာ ကျွန်တော်ဟာ အဘပို့ချတဲ့ ဂီတက လွဲပြီး အခြားဘယ်ဂီတကိုမှ စိတ်မဝင်စားခဲ့ဘူး။ အဲဒီအချိန်မှာဆိုရင် မြန်မာကာလပေါ် ခေတ်ဟာလည်း အရှိန်အဟုန်နဲ့ တစ်မျိုးဆန်းသစ်ခေတ်ထနေပါပြီ။ တက္ကသိုလ်စိုးရဲ့ သီချင်းတွေ၊ ဗိုလ်ကလေးတင့်အောင်၊ ဂီတလုလင်မောင်ကိုကိုတို့ရဲ့ ပြဇာတ်သီချင်းတွေ၊ ဂီတနက်သန်စောညိန်းရဲ့ မြန်မာ့ဟန်ပန် သီချင်းတွေ၊ ချိုတေးဆက် အောင်ကိုးရဲ့ သစ်လွင်တဲ့ကာလပေါ် တေးသီချင်းတွေ အခြားသော ရန်နိုင်ဆွေ၊ မောင်မောင်လတ်၊ ကိုတင်ဖေ (အောင်လင်း) စသူတို့ရဲ့ သီချင်းတွေနဲ့အတူ ၁၉၅၀ ပြည့်နှစ်များရဲ့ ကာလပေါ် ဂီတ ရေစီးကြောင်းဟာ အရှိန်နဲ့ စီးဆင်း ရွေ့လျားနေပြီဖြစ်ပါတယ်။

အဲဒီအချိန်မှာ ကျွန်တော်သီချင်းကြီးပုဒ်ရေ ငါးဆယ် ပတ်ဝန်းကျင် ရနေပါပြီ။ ဂီတ သင်္ကေတရဲ့ အကျိုးအာနိသင်ကိုလည်း နားလည်စပြုနေပါပြီ။ အဲဒီကာလ ဝန်းကျင်မှာ လည်း ကျွန်တော်နဲ့ ခေတ်ပြိုင်ဂီတသမားတွေ ဖြစ်လာမယ့်သူတွေဟာ ဂီတလောကထဲမှာ ဝင်ရောက်လှုပ်ရှားနေကြပါပြီ။ ဥပမာ... စန္ဒရားချစ်ဆွေ၊ အေဝမ်းစိုးမြင့်၊ စန္ဒရားထွန်းညွန့် စသူတို့ဟာ ရန်ကုန် ဂီတနယ်ပယ်မှာ ခြေချနေကြပါပြီ။ အသံတိတ်ရုပ်ရှင်ရုံတွေမှာ ဝင်ရောက်တီးမှုတ်နေကြပါပြီ။

ကျွန်တော့်အနေနှင့် ကျောင်းကတစ်ဖက်နှင့်မို့ ပြင်ပဂီတလောကမှာ ဝင်ရောက်လှုပ်ရှား ခွင့်မရပေမဲ့ အခါအားလျော်စွာ ပွဲလမ်းတီးခြင်း၊ ဓာတ်ပြားသွင်းခြင်းစတဲ့... အလုပ်ကို

mgyoe.com

လုပ်ရတဲ့ အချိန်ပိုင်းဂီတသမားတော့ ဖြစ်နေပြီလို့ ဆိုနိုင်ပါတယ်။

၁၉၅၂ ခုနှစ်မှာ ဆူးလေဘုရားလမ်းမှာရှိတဲ့ မြန်မာ့ဂုဏ်ရည်ကုမ္ပဏီ (Burma Pride Co.Ltd.)က ကိုလံဘီယာအမည်နဲ့ ဓာတ်ပြားတွေ သွင်းနေပါတယ်။ အဲဒီမှာ အဆိုတော် ဒေါ်တင်အုန်းသီဆိုတဲ့ ကုသိန္နာရုံနဲ့ ဆေးစွမ်းကောင်းဂါထာဘုရင် ဓာတ်ပြား နှစ်ချပ်စီ၊ လူစိမခင်မြသီဆိုတဲ့ (အောင်လင်းရေးတဲ့)အရဏ်ဦးမှာနဲ့ 'မေတ္တာရေလှိုင်း' နှစ်ချပ်၊ စုစုပေါင်း ဓာတ်ပြားလေးချပ် သွင်းခဲ့ရပါတယ်။ ကျွန်တော် ပထမဦးဆုံး ဓာတ်ပြားသွင်းဖူးခြင်း ဖြစ်ပါတယ်။

အဲဒီ ၁၉၅၂ ခုနှစ်လယ်လောက်မှာပဲ ဆရာ အတတ်သင် သိပ္ပံကျောင်းကို ဆေးရုံကြီး ရှေ့ကနေ ကံဘဲ့ကို ပြောင်းရွှေ့လိုက်တဲ့အတွက် ခြစ်ည်းရိုး တံတိုင်းခြား ကျောင်းတက်နေ တဲ့ ကျွန်တော့်အဖို့ ရုတ်တရက် ပင်လယ်အကျယ်အပြောကြီး ခြားသွားသလို နီးရာက အလွန့်အလွန် ဝေးသွားရပါတယ်။ အဲဒီတုန်းက ရန်ကင်း မြို့သစ် မတည်ရသေးပါဘူး။ အခု ဗဟိုသုတေသန ရုံးဝင်းကြီးနေရာမှာ ရော်ဘာတောကြီးရှိပါတယ်။ လမ်းကလည်း အလွန်ဆိုး၊ ဘတ်စ်ကားကလည်း အလွန်ကျဲ။ အဲဒီတုန်းက ကံဘဲ့နဲ့ မြို့ထဲက ဆင်မဲ တံဆိပ် ဘတ်စ်ကားပြေးပါတယ်။ ဘတ်စကား ဂိတ်အဆုံးဟာ အခု မိုးကောင်းဘုရားလမ်း အလွန် ချစ်တီးဘုရားဝင်း လမ်းဆုံမှာ။ ဒါဟာ မြို့အစွန်ဆုံးပဲ။ ဒီထက် ဆက်သွားလို့ မရဘူး။ လမ်းဆုံးနေပြီ။ အဲဒီက မျှော်ကြည့်ရင် အခု တောင်ဥက္ကလာပ နေရာမှာ လယ်ကွင်း ပြင်တွေကို လှမ်းတွေ့နေရတယ်။

၇ နာရီကျောင်းတက်မီအောင် နံနက် ၅ နာရီခွဲက ထပြီး ကားစောင့်ရပါတယ်။ ကံဘဲ့ကနေ ကျောင်းတက်ရတာ ဝေးလံလှတဲ့အတွက် အချိန်ကုန်လူပန်းဖြစ်လှပါတယ်။ ကျောင်းကနေပြန်တော့လည်း အိမ်ကို ၁ နာရီ ၂ နာရီလောက်မှ ရောက်တဲ့အတွက် နံနက်အစောကြီးထရလို့ အိပ်ပျက်ပျက်နဲ့ တရေးတမော အိပ်လိုက်တာနဲ့ တစ်နေကုန် သွားပါတယ်။ ဒါကြောင့် ကံဘဲ့မှာ ကျွန်တော်မပျော်ပါဘူး။ ဒါပေမဲ့ အဘရဲ့တပည့်မ ကျောင်းဆရာမလေးတွေ (ကျွန်တော့်ထက် အသက် ၄၊ ၅ နှစ်ကြီးသူတွေ)တချို့နဲ့ မိတ်ဆွေဖြစ်ရတာမို့ နည်းနည်းတော့ စိတ်သက်သာရာ ရခဲ့ပါတယ်။ မမသိ (သိသိမြ) နဲ့ မမတင်(တောင်ကြီးမှ ဆရာမ တင်တင်သိန်း) တို့ အမှူးပြုတဲ့ ဂီတ ဝါသနာရှင် တစ်သိုက်ဟာ ညနေကျောင်းဆင်းတာနဲ့ အိမ်ကို ရောက်လာတတ်ပါတယ်။ အဘက လည်း ညနေကျောင်းဆင်းတာနဲ့ ညနေဘက်ဆို ကြက်တောင်ရိုက်သွားတတ်တာနဲ့ အိမ်မှာ ကျွန်တော်တို့တစ်တွေ စန္ဒရားနဲ့ လွတ်လွတ်လပ်လပ် သီချင်းတွေဆိုကြပါတယ်။

mgyone.com

mgyoe.com

ဂီတနက်သန် စောညိန်းရဲ့ 'နွေနှောင်းဝသန်'၊ 'မှာလိုက်စမ်းပါရစေ'၊ 'ရတုဘုရင်'၊ 'မိုးဦးသစ်ခဲ့ပြီ'၊ 'စိမ်'၊ ချိုတေးဆက်အောင်ကိုးရဲ့ 'ဖော်မဲ့တေးသံ'၊ 'ဘယ်မှာလဲ အချစ်ရယ်'၊ 'မောင်ဟာ မေ့အတွက်ပါကွယ်'၊ အလိုရှိသည်၊ တက္ကသိုလ်စိုးရဲ့ စိမ်းတဲ့စံပယ်၊ ပြန်လာမယ်... စတဲ့သီချင်းတွေဟာ ကျွန်တော်နဲ့ ဆရာမတစ်သိုက် မရိုးတမ်းဆိုတီး ခဲ့ကြတဲ့ သီချင်းတွေပါပဲ။

အမှန်ကတော့ ကျွန်တော်ဟာ ကံဘဲ့ရောက်မှ သီချင်း တက်ချိန် နည်းသွားတဲ့အတွက် ကာလပေါ်သီချင်းတွေကို အာရုံရောက်လာခြင်းပါပဲ။ အဘက အဲဒီတုန်းက အလွန်အလုပ်များပါတယ်။ ကံဘဲ့ဆရာအတတ်သင်သိပ္ပံကျောင်းမှာ တစ်နှစ်လောက်ပဲ နေပြီး အဘက ယဉ်ကျေးမှုဝန်ကြီးဌာနကို ယဉ်ကျေးမှု အထက်တန်းအရာရှိ (ပန်တျာ)ရာထူးနဲ့ ပြောင်းရဖို့ ဖြစ်လာတာနဲ့ ၁၉၅၃ ခုနှစ်လယ်လောက်မှာ ကျွန်တော်ဟာ ခင်မင်လှစွာသော ဆရာမများနဲ့ ခွဲခွာပြီး အဘတို့မိသားစုနဲ့အတူ အမှတ် ၁၅၊ ရှမ်းလမ်း၊ စမ်းချောင်းကို ပြောင်းလာခဲ့ရပါတယ်။

ဟုမ်းလမ်းနဲ့ ရှမ်းလမ်းထောင့်မှာရှိတဲ့ ခြံဝင်းကျယ်ကြီးထဲမှာ အဘက သစ်သားအိမ်ကလေးတစ်လုံးဆောက်ပါတယ်။ ခြံဝင်းကြီးပိုင်ရှင်က အဘရဲ့ဇနီးဒေါ်ထိပ်တင်မကြီးရဲ့အစ်မတော်သူ ခေါင်ဖုရားဖြစ်ပါတယ်။ အဘမှာ ကိုယ်ပိုင်မြေယာဝယ်နိုင်လောက်တဲ့ အင်အားမရှိပါကလားလို့ ကျွန်တော်နားလည်လိုက်ပါတယ်။ အဲဒီအချိန်မှာ အဘရဲ့ ငယ်တပည့်ရင်း ကိုကြည်လေးကလည်း ယဉ်ကျေးမှုဌာနမှာ အလုပ်ဝင်ရပြီး အိမ်ထောင်ပြုသွားပြီမို့ ရှမ်းလမ်းကို လိုက်မလာတော့ဘဲ အိမ်ခွဲနေပါတယ်။ ကံဘဲ့က အဘရဲ့ နေရာမှာတော့ အမေဒေါ်စောမြအေးကြည်က ဆက်ခံပါတယ်။

ဒီလိုနဲ့ပဲ ၁၉၅၃ ခုနှစ်ကုန်ပိုင်းလောက် ရောက်လာတဲ့အခါ ၁၇ နှစ်သားအရွယ် ကျွန်တော့်ရဲ့နှလုံးသားဘဏ်တိုက်ထဲမှာ စနစ်တကျ လက်ထပ်သင်ထားတဲ့ သီချင်းကြီးအပုဒ် ငါးဆယ်ခန့်၊ စစ်ကြိုခေတ် သီချင်းတွေ၊ ဂီတသင်္ကေတ ပညာရပ်တွေ၊ ပွဲတီးအတွေ့အကြုံတွေ၊ ၁၉၅၀ ခုနှစ်များရဲ့အစောပိုင်းကာလပေါ် သီချင်းတွေနဲ့အတူ ပထမဦးဆုံးအကြိမ်အဖြစ် ပါဝင်တီးခဲ့ရတဲ့ဓာတ်ပြား ၄ ချပ်ပါ။ သိမ်းဆည်း သိုမှီးထားခဲ့ပြီးဖြစ်တဲ့အတွက် ရွှေဆည်းလည်းရတနာတွေ အတော်ကလေး စုမိဆောင်းမိဖြစ်ခဲ့တယ်လို့ ဆိုရပါမယ်။

စန္ဒာရုပ်စုံမဂ္ဂဇင်း၊ မေ၊ ၁၉၈၅။

❑

mgyoe.com

mgyoe.com

# (၄)

အဘစောင်း ဦးဘသန်း ပြောင်းသွားတဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနက အကြီးအကဲ အရာရှိကြီးတစ်ဦးဟာ ဂီတ ဝါသနာပါပြီး ပညာရှင်တွေကို တလေးတစား ဆက်ဆံတတ်ရုံတင် မကဘူး၊ တစ်လမှာ တစ်ကြိမ်နှစ်ကြိမ်ဆိုသလို သူ့အိမ်မှာ အဘအပါအဝင် အမေဒေါ်စောမြအေးကြည်၊ အဘဦးဟန်ပ၊ အဘဦးဘမောင် (ဇာတ်နားပြီး ရန်ကုန်မှာရှိတဲ့အခါ)၊ ဒေါ်ဒေလီညွှန့်၊ မြန်မာညွှန့်ဦးချစ်မောင်၊ ဒေါ်အောင်ကြည်၊ ဦးလှဖေ၊ ဦးဘသက် အစရှိတဲ့ ဂီတပညာရှင်ကြီးတွေကို ဖိတ်ကြားကျွေးမွေးပြီး အဆိုအတီး ပွဲကလေးတွေ ကျင်းပလေ့ရှိပါတယ်။

အမှန်ကတော့ အိမ်ရှင်က ရင်းနှီးတဲ့မိတ်ဆွေများကိုသာ သီးသန့်ဖိတ်ကြားတဲ့ အတွက် ပရိသတ်အရေအတွက်နည်းလို့ ပွဲကလေးလို့ခေါ်လိုက်ရပေမဲ့ ထိတ်ထိတ်ကြဲ ပညာရှင်ကြီးတွေ ကိုယ်တိုင် ပါဝင်သီဆိုတီးမှုတ်ကြတဲ့ပွဲမို့ တကယ်တော့ ပွဲကြီးတွေပါ။ ဒီထက်ကြီးတဲ့ပွဲလည်း မရှိနိုင်တော့ပါဘူး။

အဲဒီလိုပွဲတွေကို 'ဆိုတီးစားပြန်' ပွဲလို့ ခေါ်လေ့ရှိပါတယ်။ ဆိုမယ်၊ တီးမယ်၊ စားမယ်၊ ပြန်မယ်၊ အခကြေးငွေမလိုဘူး၊ မယူဘူး။ လက်ဆောင် မလိုဘူး။ ဂီတကို ချစ်တဲ့ ပရိသတ်ပဲ လိုတယ်။ ဖိတ်တိုင်းလည်း လက်မခံဘူး။ ဆိုတီးစားပြန်ကျင်းပမယ့် အိမ်ရှင်ဟာ ဂီတကို မြတ်နိုးပြီး တကယ်တန်ဖိုးထားတတ်တဲ့ လူဖြစ်ရမယ်။ သူ ဖိတ်ကြားမယ့် ဧည့်ပရိသတ်ဟာလည်း ဂီတကို လေးလေးစားစားနဲ့ နားထောင်သူတွေဖြစ်ရမယ်။ နေရာဌာန အနေနှင့် လူသူလေးပါးဝိုင်းအုံကြည့်ရှုမယ့် အရပ်ပွဲ နေရာမျိုးမဖြစ်စေရဘဲ အနှောင့်အယှက် ကင်းဆေးတဲ့ သီးသီးသန့်သန့် အေးအေးချမ်းချမ်း နားထောင်နိုင်မယ့် ဝင်းနဲ့ခြံနဲ့ နေရာမျိုးကို ပိုပြီး သဘောကျလေ့ရှိပါတယ်။ လေးလေးနက်နက် နားထောင်မယ့် ပရိသတ်သာရှိပါစေ။

mgyoe.com

ဂီတပညာရှင်ကြီးတွေအနေနှင့် ညဥ့်နက်သန်းခေါင်ကျော်အထိ မနားတမ်း ဆိုရတီးရဖို့ ဝန် မလေးတတ်ကြဘူး။

အိမ်ရှင်က ဖိတ်ကြားထားတဲ့ ပရိသတ်နဲ့ ဂီတပညာရှင်တွေနဲ့ အထာ မကျရင်တော့ (စိတ်ဝင်စားမှုမပြုဘဲ စကားများနေမယ်၊ ပျားပန်းခပ်နေမယ်၊ အိမ်ရှင်ကျွေးမွေးဧည့်ခံ တာကို ဆူဆူညံညံစားသောက်နေမယ်) စတဲ့ မနှစ်မြို့ဖွယ်စရိုက်တွေ တွေ့ရရင်တော့ တစ်ပုဒ် နှစ်ပုဒ်နဲ့ ပွဲသိမ်းလိုက်တာမျိုး ရှိတယ်။ ဒါကြောင့် အိမ်ရှင်ဟာ ဧည့်သည်ကို ကန့်သတ်ရွေးချယ်ပြီးမှ ဖိတ်ကြားလေ့ရှိတယ်။

ကျွန်တော်ဟာ ကံအားလျော်စွာ အဲဒီပွဲကြီးတွေကို လိုက်ပါခွင့်ရရှိခဲ့ပါတယ်။ ပထမ ဦးဆုံးအကြိမ် ရောက်ဖူးတဲ့အခါတုန်းကဆိုရင် အမေ ဒေါ်စောမြအေးကြည်နဲ့ အဘ ဦးဟန်ပတို့ကို လူကိုယ်တိုင် မျက်ဝါးထင်ထင် အနီးကပ်တွေ့ရတာမို့ ကိုယ့်ရဲ့အမိအဖ လို တစိမ့်စိမ့်ကြည့်ရင်း ကြည်ညိုလို့မဝ ဖြစ်ခဲ့ရပါတယ်။ ဆိုတာတီးတာတွေကို နားထောင်လိုက်ရတဲ့အခါမှာတော့ ပြောမပြတတ်နိုင်လောက်အောင် ပီတိတွေဖြစ်ရလွန်း လို့ ကိုယ့်ကိုယ်ကိုယ် လူဖြစ်ရကျိုးနပ်ပြီလို့တောင် ထင်မိခဲ့ပါတယ်။

ဆိုင်းဆရာကြီး အလင်္ကာကျော်စွာ အဘဦးဟန်ပရဲ့ ပတ္တလားလက်သံဟာ ညက်ညော လွန်းလှပါတယ်။ ပြောင်မြောက်လွန်းလှပါတယ်။ အဘအလင်္ကာကျော်စွာ စောင်းဦးဘသန်း ရဲ့လက်ကတော့ စောင်းတီးနေတာမှ ဟုတ်ရဲ့လားလို့ ထင်ရလောက်အောင် သွက်လွန်း တယ်။ နိုင်နင်းလွန်းတယ်။ ဆံညှပ်ထိုးထားတဲ့ တယောနဲ့ ရကန်ဦးတင် (အမေဒေါ်စော မြအေးကြည်ရဲ့ခင်ပွန်း) ကလည်း အဆိုကို ခပ်လွယ်လွယ်ပဲ လိုက်ထိုးပေးနေရတယ်။ အမေဒေါ်စောမြအေးကြည်ရဲ့ အဆိုကတော့ သောတဆင်တဲ့ သူတွေ နားမှာ ငြိမ့်ခနဲ၊ အေးခနဲ၊ ဟာခနဲဖြစ်အောင် အမျိုးမျိုးသော ရသတွေကိုပေးနေပါတယ်။

အမေက အဆိုနဲ့ပညာပြသမျှ၊ စသမျှ၊ တို့ထိသမျှ အဘတွေကလည်း ပညာအား ပါပါ ပို့တီး၊ ဖျောက်တီး၊ ချန်တီး၊ ကြိုတီးတွေနဲ့ အပြန်အလှန် အစွမ်းပြနေကြပုံတွေကို နားထောင်နေရတာဟာ အသည်းယားစရာလည်းကောင်း၊ ပျော်စရာလည်းကောင်း၊ နည်းယူမှတ်သားစရာလည်းကောင်းပြီး ကောင်းခြင်းပေါင်းများစွာနဲ့ ပြည့်လျှံနေတဲ့အတွက် အသက်ရှူဖို့တောင် မေ့နေတဲ့အထိ ဖြစ်မိပါတယ်။

အဲဒီလို ပွဲကြီးတွေမှာဆိုရင် ဘာတီးမယ်၊ ဘာဆိုမယ် ဘယ်သူမှ ညှိနှိုင်းနေကြတာ မဟုတ်ပါဘူး။ အဆိုက စည်းဝါးကောက် ကိုင်ပြီး၊ ခွန်းထောက်တို့ သဖြန်တို့ စဆို လိုက်တာနဲ့ အတီးတွေက လိုက်ကြရပါတယ်။ ဘာပြီးဘာဆိုမယ်၊ ဘယ်ဟာဆုံးရင်

mgyoe.com

ဘာကိုကူးမယ်၊ ကြာမှာ... ဘာခုမယ် ခံမယ်၊ ဘယ်သူမှ မသိပါဘူး။ အဆိုပဲ သိပါတယ်။ မရရင်တော့ ပရိသတ်ကြားမှာ ထင်းထင်းကြီး ခံရပြီပဲ။ ဒါကြောင့်မို့ အဲဒီလို ပညာရှင်ကြီးတွေရဲ့ ဆိုတီးပွဲကို နားထောင်ရတာဟာ... တစ်နည်းအားဖြင့် ပညာပြိုင်ပွဲကြီးကို မျက်ဝါးထင်ထင် တကယ်ရောက်နေရသလိုပါပဲ။ အသည်းတထိတ်ထိတ်၊ ရင်တဖိုဖို အလွန်ဖြစ်ရပါတယ်။ အဆိုကလည်း ကဝေ၊ အတီးတွေကလည်း ၁၂ ကြိုး၊ အားလုံးဝမ်းစာကိုယ်ခံအပြည့်နဲ့ ချည်းပဲ။ အဆိုနဲ့အတီး ရန်ဖြစ်တဲ့အခါ မောရတယ်။ သဟဇာတဖြစ်တဲ့အခါ ကြည်နူးရတယ်။ တစ်ဦးနဲ့တစ်ဦး တို့တဲ့ ဆိတ်တဲ့အခါ ပြုံးကြရတယ်။ အတီးက ကွက်ပျောက်တွေ တီးပြီး အဆိုကို ကလိတယ်။ အဆိုကလည်း မမျှော်လင့်တဲ့ ကွေ့မျိုးတွေ၊ ဆိုဟန် အခရာတွေနဲ့ အတီးကိုနှံ့တယ်၊ ကလူတယ်။ ပြီးတော့... ဆိုသံလိုလို၊ စကားသံလိုလို၊ လေသံတွေနဲ့ ဘယ်သွားမှန်း မသိအောင် လမ်းဖျောက်တယ်။ တစ်ခါတစ်ခါ လူကြီးတွေ တီးရင်းဆိုရင်း ရယ်ကြတယ်။ ပျော်ကြတယ်။ တစ်ခါတစ်ခါ တီးရင်းဆိုရင်း မျက်နှာတွေနီပြီး စိတ်တိုကြတယ်။ စိတ်ကောက်ကြတယ်။ အဲဒီအခါမျိုးမှာဆိုရင် ပရိသတ်တွေ အလွန်ပွဲကျပဲ။

အဲဒီလိုပွဲမျိုးတွေမှာ ကျွန်တော်တို့ဟာ အနားကပ်ရရုံပဲ ရှိပါတယ်။ ဝင် မတီးရပါဘူး။ အနားကပ်ခွင့်ရတာကပဲ တန်ဖိုးကြီး လှပါပြီ။ ဂုဏ်ရှိလှပါပြီ။ ပညာ ရလှပါပြီ။

လူကြီးတွေ (ဂီတပညာရှင်ကြီးတွေ)က ကျွန်တော်တို့လို သူတို့ရဲ့တပည့်ကလေးတွေကို အဲဒီပွဲတွေ ခေါ်လာတတ်ပါတယ်။ ဥပမာ... အမေ ဒေါ်စောမြအေးကြည်ဆိုရင် အဲဒီတုန်းက အသံလွှင့်ရုံက ဗုဒ္ဓဟူးနေ့ နံနက်တိုင်းအသံလွှင့်တဲ့ ဂီတသင်ခန်းစာ အစီအစဉ်မှာပါတဲ့... မောင်ဌေးအောင်၊ တင်တင်မြ၊ မခင်မြင့်၊ ခင်ဝင်းရွှေ (ဆိုဗီယက်ပြန် ဝင်းဝင်းဝါ)စတဲ့ တပည့်တွေကို တစ်ယောက်မဟုတ် တစ်ယောက် အမြဲ ခေါ်လာတတ်ပါတယ်။ လူကြီးတွေ နားနေတဲ့အခါ ဒါမှမဟုတ် ဈာန် မဝင်သေးခင် အစောပိုင်းတွေမှာ ကျွန်တော်တို့လို တပည့်ကလေးတွေက ဝင်တီးပေး ဆိုပေးရတတ်ပါတယ်။

သီချင်းကြီးတစ်ခွင် စမိရင် တစ်နာရီ ပတ်ဝန်းကျင်... တစ်ခါတစ်ရံ တစ်နာရီခွဲ၊ နှစ်နာရီလောက် အထိတောင်ရှိတတ်တာမို့ ဆိုနေတီး နေရင်း လူကြီးတွေ ညောင်းညာလို့ ခြေဆန့်လက်ဆန့် လက်ဖက်ရည်ကလေး၊ ဆေးလိပ်ကလေး သောက်ချင်တဲ့အခါ (ဆိုတီးနေတဲ့ သီချင်းကလည်း တပည့်ရတဲ့သီချင်းဖြစ်နေမယ်ဆိုရင်) ကျွန်တော်တို့ကို မျက်စပစ်ပြီး လက်တို့ပြီး ဝင်ခိုင်းတတ်ပါတယ်။

ယဉ်ကျေးမှုဌာနက အကြီးအကဲအရာရှိအိမ်မှာ အဲဒီလို ပွဲမျိုးတွေ လိုက်ပါသွားရင်း

mgpoe.com

ကျွန်တော်ဟာ သူ့ရဲ့သားနဲ့ ခင်မင်မိကြပါတယ်။ သူ့ရဲ့သားကလည်း ကိုဌေးအောင်ရဲ့ ဇနီး မမြမြ (စန္ဒရား ခင်ထားမြင့်)ထံမှာ စန္ဒရား နည်းနည်းပါးပါး အခြေခံ သင်ထားဖူးတယ်။ အရာရှိကြီးရဲ့ မေတ္တာ ရပ်ခံချက်အရ ကျွန်တော်က သူ့သားကို စန္ဒရား သင်ပေးရပါတယ်။ သူနဲ့ကျွန်တော်ဟာ အသက်ကလည်း ရွယ်တူ ဖြစ်တဲ့အတွက် စန္ဒရားသင်တုန်းသာ ဆရာတပည့်ဖြစ်ပြီး ကျန်တဲ့အချိန်တွေမှာ မင်းနဲ့ငါနဲ့ ပြောဆိုကြတဲ့ သူငယ်ချင်းဆွေဖြစ်လာပါတယ်။ သူက တီတီစီ ကျောင်းသား၊ ကျွန်တော်က ဟိုက်စကူးကျောင်းသား။

တစ်နေ့ သူတို့ကျောင်းက ဝါဆိုပွဲမှာ ကျောင်းသူတစ်ယောက် တစ်ပင်တိုင် ယိုးဒယားကဖို့အတွက် စန္ဒရား တီးပေးမယ် တာဝန် ယူလာတာကြောင့် ကျွန်တော်က သူတို့ ယိုးဒယား ၁၂ ခန်း တက်ပေးရပါတယ်။ ပွဲရက် ကပ်နေတာတောင် ကားတစ်စီးနဲ့ ဟိုသွားသည်သွားတွေ လုပ်နေတဲ့အတွက် တီးလုံးက မဆုံးဘူး ဖြစ်နေတာမို့သူက... "မင်းပဲ လိုက်တီးပေးပါတော့ကွာ" ပြောတာနဲ့ တီတီစီမှာ ၁၉၅၄ ခုနှစ်၊ ဝါဆိုပွဲမှာ ကျွန်တော် သွားကူ တီးပေးခဲ့ရတယ်။ အဲဒီမှာ တီတီစီ ကျောင်းသားတွေရဲ့ ဝိုင်းလည်း ရှိတယ်။ စန္ဒရား ကွန်းမောင် (ကွယ်လွန်)က ဦးဆောင်ပြီး စန္ဒရား မောင်မောင်သောင်း (ကွယ်လွန်သူ ရုပ်ရှင်ဒါရိုက်တာ–မောင်မောင်သောင်း)၊ အဆိုတော် ကြည်ရွှင် (နောင်တက္ကသိုလ် ကြည်ရွှင်) အဆိုတော်နဲ့ သီချင်းရေးမြတ်နွယ် (မောင်မောင်) စတဲ့ ကျောင်းသားတွေ ဝိုင်းကြတီးကြတယ်။ အဲဒီမှာ အားလုံးနဲ့ ကျွန်တော်နဲ့လည်း အဖွဲ့ ကျသွားတယ်။

နောက် နှစ်ရက်လောက် အကြာမှာ မြတ်နွယ်က အဆိုတော် ခင်လတ်နဲ့ ဂီတစာဆို လှမိုးတို့ကို ကျွန်တော့်ဆီ ခေါ်လာပါတယ်။ ကိုခင်လတ်က သူဆိုနေတဲ့ တယော ကိုဒီပိုး (ဂီတစာဆိုကိုရဲအောင်)ရဲ့ "ချို့တေးရှင်" အဖွဲ့က ထွက်လာပြီး အခု "ရွှေဂုန်ရိပ်သာ" အဖွဲ့မှာ ပြောင်းဆိုဖို့ စီစဉ်နေတဲ့အတွက် သူ့စိတ်ကြိုက် စန္ဒရား တီးပေးနိုင်မယ့်သူကို လိုက်ရှာနေတာ ကိုလှမိုး သူငယ်ချင်း မြတ်နွယ်က ဟိုတစ်နေ့က တီတီစီမှာ ကျွန်တော် တီးတာကြားပြီး သတင်းပေးတဲ့အတွက် အခုလိုက်လာတာဖြစ်ကြောင်း ရှင်းပြပြီး ဒီအပတ်ထဲမှာ သူအသံလွှင့်မယ့် သီချင်းတွေ တီးပေးဖို့ ပြောလာပါတယ်။

ကိုခင်လတ်ဟာ အဲဒီတုန်းက... "ပျင်းတယ်ကွယ် နှင်းနွယ်" တို့၊ "ချစ်ခဲ့တာ အမှန်" တို့နဲ့ နာမည်ကြီးနေတဲ့ အဆိုတော် ဖြစ်ပါတယ်။ နောက်တစ်နေ့မှာ သူတို့တစ်တွေ ဂျစ်ကားနဲ့ ကျွန်တော့်ကို လာခေါ်ပြီး ကိုခင်လတ် နေတဲ့ အမှတ် (၈) ထရန်စပို့လမ်း (အာဇာနည် ဗိမာန်လမ်း) က အိမ်ကြီး (ပိဋကတ်တိုက်ကြီး) မှာ သီချင်း တိုက်ကြပါတယ်။ ကိုလှမိုး ရေးစပ်တဲ့ "စိတ်ကူးမျှသာ ဖြစ်သည်" နဲ့ ပြင်ဦးလွင်ကမေ" သီချင်း ၂ ပုဒ်တိုက်

mgyoe.com

ပြီး မကြာခင် ရက်ပိုင်းမှာပဲ အသံလွှင့်ရုံ (ဝင်ဒါမီယာ)က အသံလွှင့်ခဲ့ကြပါတယ်။ အဲဒီတုန်းက အသံသွင်းတစ်ကြိုးခွေနဲ့ ကြိုတင် သွင်းထားတဲ့ စနစ် မပေါ်သေးတဲ့အတွက် (Live Broadcast) ခေါ် တပါတည်း တိုက်ရိုက် ဆိုတီးပြီး ည ၈ နာရီမှာ အသံ လွှင့်ခဲ့ကြရပါတယ်။ ဒုတိယအပတ်မှာ "ဟော်နန်းကေသီ"နဲ့ "စေနာတွေပါ" နောက်ပိုင်းနောက်ပိုင်းတွေမှာ "နှောင်းသစ္စာ"၊ "ကမ်းခြေဖေယျာဦးဝယ်" စတဲ့ သီချင်းတွေ၊ ဆက်တိုက်လွှင့်ဖြစ်ခဲ့ကြပါတယ်။ ကိုမျိုးလှိုင်ရဲ့ ပဒေသာဓာတ်ပြား ကုမ္ပဏီက ရောင်းတမ်း ဓာတ်ပြားလည်း အားလုံး သွင်းခဲ့ကြတယ်။

အဲဒီအမှတ် (၈) ထရန်စပို့လမ်းမှာ သီချင်း စ တိုက်တဲ့ နေ့ကပဲ အဆိုတော် ညီအစ်ကိုတွေ ဖြစ်တဲ့ ကိုစိန်ဝင်းနဲ့ ကိုတင်ထွတ်တို့ကို စပြီး တွေ့ခဲ့ရပါတယ်။ ပျဉ်းမနား ကိုမြင့်(အစ်ကိုအစ်ကြီးဆုံး)က နောက်မှ ပျဉ်းမနားက ရောက်ရှိလာပါတယ်။ သုံးယောက်စလုံးဟာ ကိုခင်လတ်ရဲ့ တူတွေ ဖြစ်ပါတယ်။ ကိုစိန်ဝင်းနဲ့ ကိုတင်ထွတ်ဟာ အဲဒီတုန်းကတည်းက "စန္ဒရားတင်တင်ညို အပျော်တမ်းအဖွဲ့"မှာ အသံလွှင့်နေကြပါပြီ။ မအမာခေါ်မတင်တင်ညို (အခု–ဒုကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကိုကြီးရဲ့ ဇနီး၊ ဒေါ်တင်တင်ညို)က ကိုစိန်ဝင်းတို့ရဲ့ အစ်မဝမ်းကွဲ တော်စပ်ပါတယ်။

ကိုစိန်ဝင်းနဲ့ ကျွန်တော်က ဟိုက်စကူးမှာ တစ်ကျောင်းတည်း နေသူတွေ ဖြစ်တဲ့အတွက် နောက်ပိုင်း စိန်ဝင်း ကိုယ်ပိုင် တည်ထောင်တဲ့ "သီရိထံတျာ" အဖွဲ့မှာ ကျွန်တော်က စန္ဒရား ဒိုင်ခံ တီးပေးခဲ့ရတယ်။ တစ်ကျောင်းတည်း နေပေမဲ့၊ အမှုမဲ့ အမှတ်မဲ့မို့ တစ်ယောက်ကို တစ်ယောက် မသိခဲ့ဘူး။ ဟိုက်စကူးမှာ ၁၉၅၃ ခုနှစ်က၊ လှမော်၊ ဖျာပုံလှကြည်၊ ခင်ဝင်း (ယခုအငြိမ်းစား ဘဏ်မန်နေဂျာ)စတဲ့ သူငယ်ချင်းတွေနဲ့ အသံလွှင့်ဖို့ စီစဉ်ဖူးကြတယ်။ ခင်ဝင်းဆိုဖို့ "အပြာကိုမှ ချစ်သည်"ဆိုတဲ့ သီချင်းရေးပြီး၊ တီးကြတိုက်ကြ လုပ်ခဲ့ဖူးတယ်။ ဒါပေမဲ့ စာမေးပွဲနီးလာလို့ အကောင်အထည် မဖော်ဖြစ်ခဲ့ကြဘူး။ အဲဒီသီချင်းဟာ ကျွန်တော် ပထမဦးဆုံး စပ်ဆိုတဲ့ သီချင်းပါပဲ။ ဒါပေမဲ့ ဒီကနေ့အထိ အသံ မလွှင့်ဖြစ်ခဲ့ဘူး။ အခု မေ့နေပါပြီ။

ကျွန်တော် ရေးစပ်ပြီး ပထမဦးဆုံး အသံလွှင့်ဖြစ်ခဲ့တဲ့ သီချင်းကတော့ နွယ် ညီအစ်မများ (အေဝမ်း ဦးတင်နွယ်ရဲ့ သမီးများ) သီဆိုခဲ့တဲ့ "ဆုခြွေလွှာ" အမည်ရှိတဲ့ သီချင်းပါပဲ။ ကိုတင်ဖေ (အောင်လင်း)ရဲ့ "တေးသစ်လွင်"အဖွဲ့က လွှင့်ခဲ့ပါတယ်။ ကိုတင်ဖေဟာ "ဆန်း"တူရိယာ အဖွဲ့ဆိုပြီး စန္ဒရားအောင်ခင်တို့နဲ့ ပထမအသံလွှင့်နေရာက နောက်ပိုင်း "တေးသစ်လွင်" အဖွဲ့အမည်ကို ပြောင်းလိုက်ပါတယ်။ ကျွန်တော်ဟာ အဲဒီအချိန်ကစပြီး

"ရွှေဂုန်ရိပ်သာ"၊ "သီရိထံတျာ"၊ "တေးသစ်လွင်"နဲ့ စန္ဒရားကွန်းမောင် အဖွဲ့တွေမှာ စန္ဒရား တီးပေးနေရပါတယ်။

စန္ဒရားကွန်းမောင်က (Tune) ခေါ်တဲ့ ဗိုလ်သံတွေကိုသာ တီးတတ်ပြီး၊ မြန်မာသံ သိပ်မပိုင်ဘူး၊ ဒါကြောင့်မို့ သူ့ပိုင်းမှာ ကျွန်တော်က မြန်မာသံ သီချင်းတွေ ခွဲဝေပြီး တီး ပေးရတယ်။ တစ်ခါတစ်ခါ စန္ဒရားကွန်းမောင်နဲ့ ကျွန်တော် ဘယ်လောက် ကဲကြသလဲ ဆိုရင် သီချင်းတစ်ပုဒ်တည်းကို စန္ဒရားခုံတစ်ခုံတည်းမှာ နှစ်ယောက်ထိုင်ရင်း မြန်မာသံ အပိုဒ်ကို ကျွန်တော်က တီးပြီး၊ သံပြိုင် ဗိုလ်သံအပိုဒ် ရောက်ရင် သူက ဝင်တီးရင်း တိုက်ရိုက် အသံလွှင့်ကြတယ်။ တစ်ခုတော့ရှိတာပေါ့၊ ဂီတမှူး ဦးလေးသန်း (တင်တင်မြရဲ့ ဖခင်) မမြင်အောင်တော့ ကွယ်တီးရတယ်။

အမှန်တော့ ကျွန်တော်ဟာ ၁၉၄၂ ခုနှစ်က ချင်းချောင်း နန်းတော် (ယခု ကမ္ဘာ့ဧ ရိပ်သာ အဆောက်အအုံ)မှာ စပြီး ပထမဆုံးအကြိမ် ကလေးဘဝ (၆ နှစ်သားအရွယ်) က အသံလွှင့်ခဲ့ဖူးပြီး၊ ဒုတိယအကြိမ် ၁၉၄၉ ခုနှစ်မှာ ကျွန်တော်နေတဲ့ မြို့မကျောင်းနဲ့ ကပ်လျက် တပ်မတော် အသံလွှင့်ဌာနက လွှင့်ခဲ့ဖူးပါတယ်။ ဝင်ဒါမီယာ မြန်မာ့အသံက နေပြီးတော့၊ အခု ၁၉၅၄ ခုနှစ် မတိုင်မီ ၁၉၅၀–၅၁ ခုနှစ်လောက်ကတည်းက ကာလပေါ် သီချင်းတီးပြီး လွှင့်ခဲ့ဖူးပါတယ်။

မြို့မကျောင်းက အထွက် ဟိုက်စကူးကျောင်းကို အပြောင်း၊ မြို့မကျောင်းသားဟောင်း ကိုနေဝင်း (လက်ဇော့ နေဝင်း၊ ယခု ဒုတိယဗိုလ်မှူးကြီး)နဲ့ သူ့ရဲ့ညီ ကိုမင်းမင်းတို့ ခေါ်လို့ ရေကျော်က ပြည်ထောင်စု အလွတ်ပညာသင်ကျောင်းမှာ ကျောင်းကပွဲ သွားတီးပေးရာက အဲဒီကျောင်းမှာ ကျောင်းအိပ်ကျောင်းစား ဘော်ဒါနေရင်း (၁၀) တန်း ဖြေနေကြတဲ့ ရွှေတောင်က ကိုအောင်မြင့် (ယခု လက်ထောက် ညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်မြင်သံ ကြား)၊ ကိုတင်ဦး၊ ကိုအေးကို၊ ဝါးခယ်မက အစ်ကိုကြီးလိုနေတဲ့ တယော ကိုသန်းတင်တို့နဲ့ တွဲမိပြီး၊ ပြည်ထောင်စုကျောင်းအပျော်တမ်း အဖွဲ့က လွှင့်ခဲ့ဖူးပါတယ်။ အဲဒီတုန်းက ရေကျော်မှာ ဦးမောင်မောင် အလွတ်ပညာသင် ကျောင်းဆိုတာ တော်တော်နာမည်ကြီး ပါတယ်။ အဲဒီ ကျောင်းကလည်း ကျောင်းသူ တင်တင်မြ ပါဝင်ပြီး အသံလွှင့်နေတာမို့ ကိုအောင်မြင့်တို့ကလည်း ဝါသနာအရ လွှင့်ခဲ့ကြတာပါ။

၁၉၅၄ ခုနှစ်ဝန်းကျင် ကျွန်တော်အသံလွှင့်တီးဝိုင်းတွေ တော်တော်များများ တီးပေး နေတဲ့ ကာလမှာ ကျွန်တော်နဲ့ အကျွမ်းဝင် ပတ်သက်နေကြတဲ့... ကိုတင်ဖေ၊ ဦးခင်လတ်၊ စိန်မြမောင်၊ ကိုလှမိုး၊ ကိုစိန်ဝင်း၊ ကိုတင်ထွတ်၊ စန္ဒရားကွန်းမောင်၊ ကိုမိုးဆွေ၊ မြသီဂီ၊

mgyoe.com

mgyoe.com

မေနှယ်နီ၊ သဇင်ကြူ၊ ပျဉ်းမနားကိုမြင့်၊ မြန်မာ့အသံ ကိုသစ္စာ... စတဲ့ အရေး အဆိုသမားတွေနဲ့ အတူ အတီးဘက်မှာ ဝိုင်းလွှင့်တဲ့အခါ တယောကိုဒီပိုး၊ ဗုံ မောင်နု၊ ကလဲရီနက် အေဝမ်းစိုးမြင့်၊ နဲ့ ဦးမောင်မောင်၊ ဂျပ်(စ်) ကိုသာဒွန်း၊ ထရန်းပက်မြင့်ဆွေလေး... စတဲ့ဂီတပညာရှင်တွေကို ခေါ်ယူ တွဲဖက်လေ့ရှိပါတယ်။ မောင်နု၊ အေဝမ်းစိုးမြင့်၊ ဦးမောင်မောင်တို့က အေဝမ်းခင်မောင်အဖွဲ့က ဖြစ်ပြီး ကိုသာဒွန်း၊ ကိုမြင့်ဆွေလေးတို့က ဂီတလုလင်မောင်ကိုကို အဖွဲ့က ဖြစ်ပါတယ်။ အားလုံး အသက်မွေးဝမ်းကျောင်း ဂီတသမားတွေဖြစ်ကြပါတယ်။ အေဝမ်းစိုးမြင့်တစ်ယောက်ကလွဲရင် အားလုံး ကွယ်လွန် ကုန်ကြပါပြီ။

ဒါက ကျွန်တော်နဲ့ ပတ်သက်အကျွမ်းဝင်ခဲ့တဲ့ အဲဒီတုန်းက ဂီတလောက အခြေအနေရဲ့ တစ်ပိုင်းတစ်စ ပြယုဂ်ပါ။ အဲဒီအချိန်မှာ၊ အသံလွှင့်လောက၊ ဓာတ်ပြားလောက၊ ရုပ်ရှင်ပြဇာတ်လောကတွေမှာ ဂီတသမားတွေဟာ ဆိုင်ရာဆိုင်ရာ အခန်းကဏ္ဍတွေမှာပါဝင် လှုပ်ရှားနေကြပါတယ်။ မြတ်လေး တို့၊ စန္ဒရားချစ်ဆွေတို့၊ ကျော့မှူးတို့က ရေဒီယိုလိုင်းမှာ တစ်စခန်းထနေပါပြီ။ မြတ်လေးရဲ့ ဆန်းသစ်တဲ့ အတွေးအခေါ်၊ ကာရံ နဘေသစ်တီထွင် သီကုံးမှုတွေဟာ တစ်ဘာသာ သီးသီးခြားခြား တိုးထွက်လာပါတယ်။ သီချင်းစပ်ဆို ရေးသားမှုမှာ သမားရိုးကျ ပုံစံတီးက ခွဲထွက်ခဲ့တာဟာ မြတ်လေးပဲလို့ ပြောနိုင်ပါတယ်။ တေးဂီတမှာ အကြောင်းအရာ (Content) နဲ့ ပုံသဏ္ဌာန် (Form) ရယ်လို့ရှိတဲ့နေရာမှာ ပုံသဏ္ဌာန် သစ်လွင်မှုနဲ့ တင်စားပုံ ရဲရင့်မှု၊ ဖွဲ့နွဲ့ပုံ ဆန်းသစ်မှုတွေမှာတော့မြတ်လေး သီချင်းတွေဟာ ရှေ့က ပြေးနေခဲ့တယ်။ "ဘာပဲလုပ်ရလုပ်ရလေ"၊ "မျှော်"တို့နဲ့ဂီတလောကထဲ ရောက်လာတဲ့ မြတ်လေးဟာ ကိုမြကြီး သီဆိုခဲ့တဲ့ "မခင်နှင်းဆီ" သီချင်းများ၊ ခြားနားချက် သီချင်းများ၊ တက္ကသိုလ်သီချင်းများနဲ့ ပင်လုံထိပ်ထားဦး၊ မောင်းမကန်ကေသီဦး... စတဲ့ "ဦး" သီချင်းတွေနဲ့ နောက်ဆုံး မစ္စ ဝီစကီ၊ ကပြားမလေး ဂိုရာရမ်...အရက်သီချင်းတွေအထိ အောင်မြင်ခဲ့တယ်။ ရှေ့ပြေး သီချင်းရေးဆရာအဖြစ် ရပ်တည်နိုင်ခဲ့တယ်။

မြတ်လေးဟာ ဂီတ မကျွမ်းဘူး၊ စာသားပဲ ရေးတတ်သူဖြစ်တယ်။ သူ့သီချင်းတွေလူကြိုက်များခဲ့တာဟာ သူ့ရဲ့ထက်မြက်တဲ့ စာသားကြောင့်ဖြစ်တယ်။ ဒါပေမဲ့ စာသားဘယ်လောက် အဖွဲ့အနွဲ့ကောင်းကောင်း ဂီတအဖွဲ့အနွဲ့ မကောင်းရင် တေးသီချင်း ကောင်းတစ်ပုဒ် ဖြစ်မလာပါဘူး။ လူတွေ မစွဲလမ်းပါဘူး၊ ကဗျာ(စာအဖွဲ့အနွဲ့) တစ်ပုဒ်နဲ့သီချင်းတစ်ပုဒ်ကို လူ ရလွယ်တဲ့နေရာမှာ ယှဉ်ကြည့်ရင်... သီချင်းကို လူတွေက ပိုပြီးရကြပါတယ်။ အဲဒီဟာ ဂီတသံ ပံ့ပိုးမှုပါလို့ လိုက်ဆိုဖို့ လွယ်တဲ့အတွက်၊ မှတ်မိလွယ်တဲ့

mgyoe.com

mgyoe.com

အတွက်ပါပဲ။ ကျွန်တော်တို့ ငယ်ငယ်က မြန်မာရာဇဝင် သင်ကြားကြရာမှာ သီပေါမင်း ပါတော်မူတဲ့ နေ့တွေ လတွေ မဆိုထားနဲ့ သက္ကရာဇ်တောင်မှ တော်တော် ကျက်မှတ်ရခဲ့ ရတာ၊ စိန်ပါတီဆိုထားတဲ့ (ရွှေတိုင်ညွန့်ရေးတဲ့) "ပါတော်မူ" သီချင်းလည်း ကြားရော၊ "တစ်ထောင့်နှစ်ရာလေးဆယ့် ခုနစ်ခု နှစ် (၁၂၄၇)မှာ အတည်၊ တန်ဆောင်မုန်းလဆုတ် ရှစ်ရက်နေ့ကိုတော့ မမေ့နိုင်ပါပြီ၊ ယနေ့တိုင်သာ အတည်" ဆိုတဲ့ အပိုဒ်ကြောင့် သီချင်း လိုက်ဆိုရင်း ပါတော်မူနေ့ကို အလွတ်ရခဲ့ပါတယ်။ တစ်သက်လုံး မမေ့တော့ပါဘူး။ မြတ်လေးရဲ့ သီချင်းတွေ အောင်မြင်လာတာဟာ နောက်က စန္ဒရားချစ်ဆွေရဲ့ အသံ ဂီတ ဖြည့်စွက်မှု အင်အားကြောင့်လည်း ဖြစ်ပါတယ်ဆိုရင် ဘယ်သူမှ မငြင်းနိုင်ပါဘူး။

နိုင်ငံခြားမှာတော့ သီချင်းစာသားသက်သက်ရေးတဲ့ (Lyricist) ခေါ်တဲ့ သီချင်း စာသားရေး ဆရာရယ်လို့ သီးသီးသန့်သန့် ရှိတယ်။ "The king and I" တို့ "South Pacific"တို့ "The Sound of Music"တို့လို့ တေးဂီတ ပြဇာတ်ကြီးတွေရေးတဲ့ Rodgersand Hammerstein အတွဲနဲ့ Camelot တို့ My Fair Lady တို့တဲ့ ပြဇာတ်ကြီး တွေကို ရေးသားတဲ့ Lerner and Leowe တို့အတွဲတွေမှာဆိုရင် စာသားရေးဆရာက သတ်သတ်၊ ဂီတဆရာက သတ်သတ် ရေးစပ်ဖန်တီးကြတာ ဖြစ်ပါတယ်။

သူတို့ဆီမှာ စာသားရေးဆရာက စာပဲ ရေးပြီး သီချင်း ဖြစ်လာတဲ့အခါ သူ့ရဲ့ နာမည် တစ်ခုတည်း မတပ်ဘူး။ ကျွန်တော်တို့ ဆီမှာတော့ စာသား ရေးတဲ့ သူရဲ့ သီချင်းလို့ လူသိများလေ့ရှိပါတယ်။

ဒီနေရာမှာ စဉ်းစားစရာ ဖြစ်လာတာက... "သီချင်း"လို့ ပညတ် ခေါ်ဝေါ်တဲ့ အနုပညာ အဖွဲ့အနွဲ့ လုပ်ရပ်တစ်ခုမှာ စာသားက အဓိကလား။ ဂီတသံက အဓိကလားဆိုတဲ့ ကိစ္စပါပဲ။ ဂီတဆရာ (အသံဖွဲ့ဆို ဖန်တီးသူ)အနေနဲ့ကလည်း သီချင်းတစ်ပုဒ် ဖြစ်ထွန်း လာရာမှာ အသံက အဓိက ကျတယ်လို့ ယူဆကြတယ်။ စာသားချည်းပဲဆိုရင် ကဗျာ မမြောက်၊ သီချင်းမရောက်ဖြစ်နေမှာ ပေါ့လို့ ဆိုကြတယ်။ စာသားရေးဆရာကလည်း စာသား သာ အဓိက ကျတယ်လို့ ဆိုတယ်။ တီးကွက်ချည်း (အသံတွေချည်း)ဆိုရင် သီချင်းမဖြစ်ဘဲ တီးလုံးပဲ ဖြစ်မှာပေါ့ဆိုကြတယ်။ စာသားရော အသံရော တစ်ယောက် တည်းက ရေးသားစပ်ဆိုတယ် ဆိုရင်တော့ သူ့သီချင်းပဲပေါ့၊ အရှင်းကြီးပါ၊ ဒါပေမဲ့ စာသားက တစ်ယောက်အသံက တစ်ယောက်ဆိုတဲ့အခါမှာ ဘယ်သူ့ သီချင်းလဲ ဆိုတာ စဉ်းစားစရာဖြစ်လာတယ်။

ကျွန်တော်တို့နဲ့ သူတို့နဲ့ မတူတာတစ်ခုက ကျွန်တော့်တို့ဆီမှာ စာသားရေးဆရာက

mgyoe.com

mgyoe.com

အရင်စာရေးပြီးမှ ဂီတဆရာက အသံ ဖွဲ့နွဲ့ဖြည့်စွက်ပြီး သီချင်းအဖြစ် ဖန်တီးပေးတယ်။ ဖန်တီးလေ့ ရှိတယ်။ ဒါကြောင့်လည်း... စာရေးဆရာက သူ့အမည်ကို တပ်တယ်လို့ တစ်နည်း မှတ်ယူနိုင်ပါတယ်။ နိုင်ငံခြားမှာတော့... ခေါင်းစဉ်နဲ့ အကြောင်းအရာရပြီးရင် ဂီတဆရာက လိုက်ဖက်ဆီလျော်တဲ့ သံစဉ်တွေနဲ့ ဖွဲ့နွဲ့စပ်ဆိုတယ်။ ပြီးမှ စာသားရေး ဆရာက စာသားရေးသား ဖြည့်စွက်တယ်။ သီချင်းတစ်ပုဒ်ရဲ့ အဓိကအခြေခံဟာ ဂီတသံ ပဲဆိုတဲ့ အယူအဆ(စနစ်) ကို ကျင့်သုံးကြတဲ့ သဘောပဲ၊ အဲဒါကြောင့်... သူတို့ဆီမှာ စာသားကို အသံသွင်းပြီး သီချင်းလုပ်တယ်ဆိုတဲ့ အစဉ်အလာ (ဓလေ့) မျိုး အလွန်တွေ့ရ ခဲပါတယ်။ ကျွန်တော်လေ့လာမိသမျှ မရှိသလောက်ပါပဲ။ ကျွန်တော်တို့ဆီမှာ ရာမရကန် ဦးတိုးရဲ့ သဇင်ပန်း (စိမ့်ကြီး မြိုင်ကြီး အစချီ ရကန်) ဦးကြော့ရဲ့ "ပိတောက်ရွှေဝါ"၊ ဆရာဇော်ဂျီ ရဲ့ "ဗေဒါလမ်း"စတဲ့... ထင်ရှားတဲ့ ကဗျာကြီးတွေကို အသံဖက်ပြီး သီချင်း အဖြစ်ဖန်တီးကြတာမျိုးရှိပါတယ်။ ဒါပေမဲ့ နိုင်ငံခြား (ဥပမာ... အမေရိကမှာလို တိုင်းပြည်) မှာတော့ Robert Frost တို့ Ogden Nash တို့ Carl Sandberg တို့ရဲ့ ကဗျာကြီးတွေကို ဂီတသံဖြည့်ပြီး သီချင်းအဖြစ်နဲ့ ဖန်တီးတာ သီဆိုတာ...ကျွန်တော် သိမိသလောက် မတွေ့ ဖူးဘူး...။ မကြားဖူးပါဘူး။ ကဗျာရွတ်ပွဲ (Poem Recital) အနေနဲ့သာ ကဗျာဆရာကြီး တွေ ကိုယ်တိုင် (သို့မဟုတ်) ထင်ရှားတဲ့ အနုပညာရှင်တွေ ရွတ်ဆိုပြကြတယ်ဆိုတာ ကြားဖူးပါတယ်။ အဲဒီမှာ အသံနဲ့ စာသားအကြောင်းနဲ့ ပတ်သက်ပြီး သတိပြုစရာကလေး တစ်ခုကတော့ စာသားချည်းရေးထားရင် သီချင်းမမည်၊ ကဗျာမပီနဲ့ ဘာမှ ဖြစ်မလာပေ မယ်လို့ တီးကွက်ချည်း အသံဖွဲ့ထားရင်တော့ ဂီတဖြစ်လာသေးတယ် ဆိုတဲ့ အချက်ပါပဲ။

သီချင်းစာသားတစ်ပုဒ် ဖတ်ကြည့်ပြီး ကဗျာလို့ ဘယ်သူပြောရဲမလဲ၊ အဲဒီ စာတွေ ဟာ ကဗျာနည်းစနစ်ကို လိုက်နာထားရဲ့လား၊ ကဗျာအင်္ဂါနဲ့ ညီညွတ်ရဲ့လား၊ အသံ မပါတဲ့အတွက်လည်း အဲဒီစာသားကို သီဆိုလို့မရတဲ့အတွက် သီချင်းလို့ရော... ပြောလို့ရ မလား၊ တီးကွက်ကတော့ အသံကို ဖွဲ့နွဲ့ထားတဲ့အတွက် သူ့ဘာသာသူဂီတဖြစ်နေပြီ၊ သံစဉ်ဖြစ်နေပြီ၊ နရီစည်းဝါး၊ ဟန်ထားတွေပါနေပြီ၊ ဂီတအင်္ဂါရပ်တွေ၊ နည်းစနစ်တွေ ပြည့်စုံနေပြီဖြစ်တဲ့အတွက် ဂီတတစ်ပုဒ် ဂုဏ်မြောက်နေပြီ၊ ဒါက အသံဖွဲ့စည်းမှုနဲ့ စာသား ဖွဲ့ဆိုမှုတို့ရဲ့ အခြေခံကွာခြားချက်၊ သီးခြား ရပ်တည်နိုင်မှု သဘောကွာဟချက်၊ ဒါပေမဲ့... သီချင်းတစ်ပုဒ် ဖြစ်ထွန်းလာဖို့ သီဆိုဖို့ အသံစဉ်၊ ရွတ်ဆိုဖို့ စာသားနှစ်ဌာန ပေါင်းစပ် ရပါတယ်။ ဒါကြောင့် အခြေခံချင်းမတူပေမဲ့ သီချင်းတစ်ပုဒ်ဖြစ်လာဖို့ စာသားရော အသံရော နှစ်ခုစလုံး အဓိက ကျတယ်လို့ ဆိုရပါမယ်။

mgyoe.com